# မြဝတီ နေ့စဉ်

## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၈၀)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဂေဟာ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ **စာမျက်နှာ ၅ ကော်လံ ၁** ✯




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်)

# ထာဝရငြိမ်းချမ်းရေးကိုတည်ဆောက်ကြပါစို့

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသည့် မြန်မာနိုင်ငံသားတိုင်းရင်းသားပြည်သူများအားလုံးတို့သည် နိုင်ငံအတွင်းစိတ်အေးချမ်းသာစွာ နေထိုင်လိုကြသူများဖြစ်ကြသည်။ အကြမ်းဖက်သောင်းကျန်းသူများ၊ တိုင်းရင်းသားအမည်ခံလက်နက်ကိုင်များအားလုံး လက်နက်များစွန့်လွှတ်ကာနိုင်ငံရေးလမ်းကြောင်းတွင် လျှောက်လှမ်းခြင်းကိုမြင်တွေ့လိုကြသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သော တပ်မတော်၊ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့မှလွဲ၍ အခြားအဖွဲ့အစည်းများအကြောင်းအမျိုးမျိုးပြကာလက်နက်ကိုင်ဆောင်နေခြင်းကို ပြည်သူတို့ မနှစ်သက်ကြပေ။ တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုသည်မှာ နိုင်ငံအတွင်းနေထိုင်ကြသူ ပြည်သူလူထု၏ အကျိုးစီးပွားကိုဦးထိပ်ထားကာ နိုင်ငံတော်ကာကွယ်ရေးတာဝန်များ၊ တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်းဆောင်နေကြရသူများဖြစ်ကြသည်။

တပ်မတော်နှင့်မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် နိုင်ငံတော်၏ကောင်းကျိုးအတွက် တရားဝင်လက်နက်ကိုင်ဆောင်ထားကြသူများဖြစ်ကြပြီး စစ်ဘက်ဥပဒေ/ရဲတပ်ဖွဲ့ဥပဒေနှင့် အရပ်ဘက်ဥပဒေများကို တိကျစွာလိုက်နာကြရသူများဖြစ်သည့်အတွက် လက်နက်ကိုင်ဆောင်ကာ တရားမဲ့ပြုခြင်းမျိုးကင်းရှင်းသည်။ ထို့ပြင် အဆိုပါအဖွဲ့အစည်းများသို့ ကျန်းမာသန်စွမ်း၍ သတ်မှတ်ထားသည့်ပညာအရည်အချင်းနှင့်ပြည့်စုံသူများ ဝင်ရောက်အမှုထမ်းခွင့်ရှိသည်။ ဝင်ရောက်လာသူတိုင်းမှာ နိုင်ငံတော်နှင့် ပြည်သူတို့၏ကောင်းကျိုးကိုသာ သယ်ပိုးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုများအေးချမ်းသာယာပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိရေးကို အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ လူတိုင်းမြတ်နိုးသည့်အရာဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ငြိမ်းချမ်းရေးအတွက် ခါတိုင်းမျှော်လင့်သည်ထက် ပိုမိုမျှော်လင့်လာကြသည်။ ပိုမိုပြီးစိတ်ဝင်စားလာသည်။ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အိုးအိမ်များကိုစွန့်ခွာနေထိုင်ကြရသည့်အဖြစ်မျိုးမှာ ငြိမ်းချမ်းခြင်းမရှိ၍ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် ငြိမ်းချမ်းစေလိုသောကြောင့် ပြည်သူများ၏ဆန္ဒကို ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးနိုင်ရန် ထာဝရငြိမ်းချမ်းရေးရရှိအောင်တည်ဆောက်နေခြင်းဖြစ်သည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့ စတင်လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ အဆိုပါသဘောတူစာချုပ်သည် ကမ္ဘာသိ၊ မြန်မာသိ သမိုင်းဝင်စာချုပ်ဖြစ်သည်။ အဆိုပါစာချုပ်၏နိဒါန်းတွင် "ဤတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုအခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် အပြန်အလှန်သန္နိဋ္ဌာန်ပြုကြသည်"ဟူ၍ဖော်ပြပါရှိသည်။

ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အခြေခံမူ(၁၁)ချက်ကိုချမှတ်ထားသည်။ အခန်း(၁)အခြေခံမူ(၁၁)ချက်အတိုင်းလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ အခြေခံမူ(၁၁)ချက်ထဲက ပထမအချက်မှာ ယနေ့ငြိမ်းချမ်းရေး၏အုတ်မြစ်ဖြစ်သည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများတောင်းဆိုနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို မည်သို့တည်ဆောက်မည်ဆိုသည်ကို ရှင်းရှင်းလင်းလင်းရေးသားသဘောတူထားခြင်းဖြစ်သည်။ ဒုတိယအချက်အနေဖြင့် "မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများအဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကိုစစ်ရေးဖြင့်ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခအဆုံးသတ်နိုင်ရန် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာဆောင်ရွက်ရန်" ဟူ၍ သဘောတူထားခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့်ထာဝရငြိမ်းချမ်းရေးကိုမျှော်ကိုးလျက် တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှုကို ရပ်စဲခဲ့သည့်အကြိမ်ပေါင်းမှာ(၂၇)ကြိမ်အထိရှိခဲ့ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် "ငြိမ်းချမ်းရေးထက် အရေးကြီးတာ ဘာမှမရှိဘူး"ဟူသည့်သဘောထားကို စွဲမြဲစွာလက်ကိုင်ထားသည်။ ငြိမ်းချမ်းရေးကိုအဓိကထား၍ ဦးတည်ဆွေးနွေးနေကြသည်မှာ လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းရန်ဖြစ်သည်။ NCA စာချုပ်ဆိုသည်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ တောင်းဆိုချက်အရ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး NCA တွင် ပါဝင်လက်မှတ်ရေးထိုးရန်လိုအပ်သည်။ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့်ကိုယ်ပိုင်အုပ်ချုပ်ရေးများကို NCA တွင် မူအားဖြင့်သဘောတူထားပြီးဖြစ်သည်။ နိုင်ငံရေးအာဏာရယူလိုပါက တရားဝင်နိုင်ငံရေးပါတီထူထောင်ပြီး ရွေးကောက်ပွဲဝင်ခြင်း၊ စီးပွားရေးလုပ်လိုပါကကုမ္ပဏီထောင်ခြင်း၊ မိမိနိုင်ငံကိုကာကွယ်မည့်စစ်မှုထမ်းလုပ်ချင်ပါက နိုင်ငံတော်၏တရားဝင်လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သည့်တပ်မတော်ထဲဝင်ရောက်ခြင်းတို့ကိုဆောင်ရွက်ကြရမည်သာဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် NCA စာချုပ်(၁၀)နှစ်ပြည့်နှစ်ပတ်လည်နေ့တွင် NCA ၏အခြေခံမူများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏အခြေခံမူများကို ရှေးရှုဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**၇၄**

**ရက်**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှ တစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့်တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
(၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

( ခ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
(၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
(၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

( ဂ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကချင်ပြည်နယ်)
(၁) ၀၁-၃၃၃၁၆၃၅
(၂) ၀၉-၄၂၂၅၄၄၆၆၉
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကယားပြည်နယ်)
(၁) ၀၉-၈၈၁၄၄၆၆၈၆
(၂) ၀၉-၈၈၆၈၃၄၂၃၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

( င ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကရင်ပြည်နယ်)
(၁) ၀၅၈-၂၁၁၇၅
(၂) ၀၅၈-၂၃၄၃၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

( စ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ချင်းပြည်နယ်)
(၁) ၀၁-၃၃၃၆၆၁၁
(၂) ၀၁-၃၃၃၆၆၂၂
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၅
(၂) ၀၇၁-၂၀၃၂၀၉၆
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

( ဇ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၁၂၁၁
(၂) ၀၅၉-၂၀၂၃၅၂၅
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

( ဈ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၂၁၂၆၈
(၂) ၀၅၂- ၂၂၀၁၉၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃- ၂၀၂၈၈၈၉
(၂) ၀၆၃- ၂၀၂၈၈၉၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

( ဋ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၆၉၀၄၂
(၂) ၀၂-၄၀၆၇၃၄၄
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

( ဌ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၂၅၆
(၂) ၀၅၇-၂၀၂၄၃၉၁
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

( ဍ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရခိုင်ပြည်နယ်)
(၁) ၀၉-၄၂၁၇၄၂၄၈
(၂) ၀၉-၄၃၀၉၄၄၅၇
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

( ဎ ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၂၅၀၆၂၉၃
(၂) ၀၁-၂၃၀၆၂၅၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၉၉၅
(၂) ၀၈၁-၂၁၂၄၅၄၀
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၄၆၁၆
(၂) ၀၄၂-၂၃၇၈၃
(၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၃၀ | ၂၈၄၀ | ၂၈၁၀ | ၂၇၄၅ | ၂၈၅၀ | ၂၈၆၅ | ၂၈၈၀ | ၂၈၀၀ | ၄၅၀၅ | ၃၀၉၅ | ၂၈၁၅ | ၂၈၅၇ | ၂၈၉၀ | ၂၈၅၅ | ၂၈၇၅ | ၃၁၃၀ |
| 95 Ron | ၂၈၀၀ | ၂၉၁၅ | ၂၈၈၀ | ၂၈၁၅ | ၂၉၂၀ | ၂၉၃၅ | ၂၉၅၀ | ၂၈၇၀ | ၄၅၆၀ | ၃၁၆၅ | ၂၈၉၀ | ၂၉၂၂ | ၂၉၆၀ | ၂၉၂၅ | ၂၉၄၅ | ၃၂၀၅ |
| HSD (500 ppm) | ၂၅၀၅ | ၂၆၁၅ | ၂၅၈၅ | ၂၅၁၅ | ၂၆၂၅ | ၂၆၄၀ | ၂၆၅၅ | ၂၅၇၅ | - | ၂၈၆၅ | ၂၅၉၀ | ၃၀၉၆ | ၂၆၆၅ | ၂၆၂၅ | ၂၆၅၀ | ၂၉၀၅ |
| HSD (50 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၂၀၈ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၀ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၀၅ | ၃၁၂၀ | - | ၃၄၁၅ | ၃၁၄၀ | ၃၂၀၈ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |


ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၆၈ | ၂၆၅၃ |
| 95 Ron | ၂၆၃၆ | ၂၇၂၃ |
| HSD (500 ppm) | ၂၃၄၉ | ၂၄၂၅ |
| HSD (50 ppm) | ၂၈၈၀ | ၂၉၆၇ |
| HSD (10 ppm) | ၂၈၈၀ | ၂၉၆၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ရှရှားရဲဘော်နှစ်ယောက်နှင့် ကျွန်ုပ်၏ အဖော်နှစ်ယောက်တို့က မိန်းကလေး၏ကြင်နာသောပြုစုပုံကို သတိပြုမိကြကြောင်း ကျွန်ုပ်သိရသည့်အခါ ကျွန်ုပ်သည် ကျွန်ုပ်မေတ္တာစိတ်ဓာတ်အကြောင်းကို သူတို့အား ရှင်း၍မပြသော်လည်း မိမိကိုယ်ကိုစစ်ဆေးသတိပေးခြင်းပြုပါသည်။ ကျွန်ုပ်၏မေတ္တာမှာ အမျိုးသမီးများနှင့်ပတ်သက်သောနေရာမျိုးတွင် နှမအရွယ်၊ သမီးအရွယ်၊ မြေးအရွယ် စသည်ဖြင့် ပိုင်းခြားပြီးလျှင် သူတို့၏အရွယ်အလိုက် နှမကလေးကဲ့သို့လည်းကောင်း၊ သမီးကလေးကဲ့သို့လည်းကောင်း၊ မြေးကလေးကဲ့သို့လည်းကောင်း သဘောထားဖို့ ကျွန်ုပ်မမေ့ပါ။ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်အောင်မြင်လျက်ရှိခြင်းကို ကိုယ့်ဘာသာကိုယ်သိသော်လည်း ဖောက်ပြန်သောစိတ်မျိုးမဖြစ်ပေါ်စေရအောင် အထူးတလည်သတိပြုပါသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ကောင်းကင်ခရီးမှ စျာန်ကြွသောသာမဏေသည် ရက်ကန်းသည်မ၏ တေးသီချင်းသံကိုကြားရ၍ စျာန်လျှောဖူးသည်ဆိုသည့်အကြောင်းအရာကို မကြာခဏသတိရ၍ ဆင်ခြင်သုံးသပ်ပါသည်။ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်သည် စျာန်အခြေသို့ရောက်အောင် ထက်မြက်သည်ဟု မထင်မှတ်စေကာမူ ကျွန်ုပ်၏စိတ်ဖောက်ပြန်သည်နှင့်တစ်ပြိုင်နက် ရောက်ရှိနေသောအခြေအနေမှ လျှောဆင်းသွားလိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့ကြောင့် အထူးသတိကြီးစွာထားလျက်ရှိပါသည်။

**မြေးနှင့်အဘိုး**

ကျွန်ုပ်တို့ပြန်ကြမည့်နေ့၌ နံနက်စာစားပွဲတွင် ထိုမိန်းကလေးသည် ကျွန်ုပ်အား တခြားလူများထက် ဂရုစိုက်ပြုစု၏။ ကျွန်ုပ်တို့ထွက်ခွာကြမည့်အကြောင်းကို သူသိပုံရ၍ ကြင်နာသောအမူအရာမျိုးပို၍ ထင်ရှားစွာဖော်ပြ၏။ စားပွဲမှထကြသောအခါ မိန်းကလေးသည် ကျွန်ုပ်တို့အားလုံးကို တစ်ယောက်စီလက်ဆွဲ၍ နှုတ်ဆက်ရာတွင် ကျွန်ုပ်အား အထူးကြင်နာခြင်းကိုဖော်ပြကြောင်း လူတိုင်းရိပ်မိ၏။ နှုတ်ဆက်ပြီး၍ စားပွဲခန်းမှထွက်လာကြသောအခါ ကျွန်ုပ်သည် နောက်ဆုံးပိတ်မှ လိုက်လာသည်တွင် မိန်းကလေးသည် ကျွန်ုပ်နောက်သို့ ပြေးလိုက်လာ၍ နောက်ဆုံးအကြိမ် ထပ်မံလက်ဆွဲနှုတ်ဆက်ပြန်လေသည်။ သူငယ်မသည် ကျွန်ုပ်၏မြေးထက် ၁၀ နှစ်လောက်ငယ်ပါလိမ့်မည်။ (ကျွန်ုပ်၏မြေးသည် သားသမီးခုနစ်ယောက်ရှိ၍ ကျွန်ုပ်မှာ မြစ်ခုနစ်ယောက်ရှိသူဖြစ်ပါ၏။) ကျွန်ုပ်သည် သူငယ်မ၏ဖြူစင်သောခင်မင်မှုကို နားလည်၍ သူ၏နဖူးကို အနမ်းပေးလိုက်ချင်သော စိတ်ကူးဖြစ်ပေါ်လာသော်လည်း ကျွန်ုပ်၏အဖော်များက အထင်လွဲမည်ကိုစိုးသည်နှင့် ယင်းအကြံအတိုင်းမပြုခဲ့ပါ။ တခြားအခန်းသို့ ကူးဝင်တော့မည်အပြုတွင် ကျွန်ုပ်သည် မိန်းကလေးဘက်သို့ နောက်ဆုံးအကြိမ်လှည့်ကြည့်လိုက်ရာတွင် မိန်းကလေးသည် ၎င်း၏အလုပ်ဝတ္တရားများကို ဆက်လက်၍မလုပ်ဘဲ ကျွန်ုပ်တို့ဘက်သို့ ခါးထောက်ကာ ငေးကြည့်နေခြင်းကို နောက်ဆုံးအကြိမ် မြင်ခဲ့ရပါသည်။ ကျွန်ုပ်သည် သူငယ်မအပေါ်၌ မြေးကလေးတစ်ယောက်ကဲ့သို့ ကြင်နာခြင်းမျိုးထက်မပိုခြင်းကို သစ္စာပြုနိုင်သကဲ့သို့ မိန်းကလေးကလည်း ကျွန်ုပ်အပေါ်၌ အဘိုးတစ်ယောက်အား ကြင်နာသော စိတ်မျိုးမျှသာရှိမည်ဟု စာဖတ်သူတို့ ယုံကြည်ကြစေလိုပါသည်။

**လူထုမအမာနှင့်ကျွန်ုပ်**

ကျွန်ုပ်သည် ဆိုဗီယက်ယူနီယံသို့ရောက်ခဲ့သည့် အဖြစ်အပျက်အခြင်းအရာများကို အစီအစဉ်အတိုင်းမဟုတ်ဘဲ ကျွန်ုပ်၏စိတ်၌ထိခိုက်သောအခြင်းအရာများကို စိတ်ထဲတွင် ပေါ်လာသည့်အလျောက် ရေးသားဖော်ပြမည်ဟုဆိုထားခဲ့ရာ လူထုမအမာနှင့် မော်စကိုမြို့၌ တွေ့ရသည့်အဖြစ်အပျက်မှာ ကြီးကျယ်လှသည်မဟုတ်သော်လည်း ကျွန်ုပ်သည် စိတ်ကိုအလေးပေး၍ စဉ်းစားတတ်သူတစ်ယောက်ဖြစ်သည့်အတိုင်း ကျွန်ုပ်စိတ်၌ ထိခိုက်ခဲ့သောထိုအဖြစ်အပျက်ကို ဤနေရာ၌ တင်ပြလိုက်ရပါဦးမည်။ ကျွန်ုပ်မှာ ရှရှားစာရေးဆရာကြီး တော်လ်စတွိုင်ရေးသည့် အယ်နာကရဲနီးနားဝတ္ထုကိုဘာသာပြန်ဖူး၍ စစ်နှင့်ငြိမ်းချမ်းရေးစာအုပ်ကြီးကို ဘာသာပြန်ဖို့စိတ်ကူးဖြင့် အကြိမ်ကြိမ်အထပ်ထပ်ဖတ်ရှုရကတည်းက ရှရှားဆောင်းရာသီ၏ ကြမ်းတမ်းခြင်းအကြောင်းကိုသိရ၍ မော်စကိုသို့ရောက်လိုသောဆန္ဒပြင်းပြခဲ့၏။ ဆိုဗီယက်ယူနီယံသို့ဖိတ်ခေါ်သည့်အခါ တချို့မိတ်ဆွေများက ရှရှားဆောင်းရာသီကြမ်းလှသောကြောင့် နွေပေါက်မှသွားဖို့ ကျွန်ုပ်အားတားဆီးကြ၏။ ကျွန်ုပ်ကမူ အဆန်းအသစ်တွေ့မြင်ခံစားလိုသော ကျွန်ုပ်၏ဝါသနာအတိုင်း ကြမ်းလှပါသည်ဆိုသည့် ရှရှားဆောင်းရာသီကို ကြုံလိုသောကြောင့် ဆောင်းမကုန်မီပင် သာ၍သွားချင်၏။ သို့ဖြစ်၍ ညနေ ၅ နာရီအချိန်တွင် မော်စကိုလေဆိပ်သို့ဆိုက်ရောက်၍ လေယာဉ်တံခါးဖွင့်ပြီး ဆင်းလိုက်ရာတွင် မိုးပွင့်ရော မိုးပါရောနှောလျက် ကျွန်ုပ်၏မျက်နှာသို့ တိုက်ခတ်လိုက်သည့်လေအေးကို ပထမအကြိမ်ခံစားလိုက်ရသည်နှင့် အလွန်အေးချမ်းလှသော်လည်း. . .

"မင်းလားကွ ရှရှားဆောင်းဥတု"

ဆိုကာ မေးလိုက်မိသည်။ လေဆိပ်အဆောက်အအုံထဲသို့ရောက်ကြ၍ ကြိုဆိုလျက်ရှိသည့် ရှရှားမိတ်ဆွေ လေးငါးယောက်တို့ကို တွေ့ရသည့်အခါ ကျွန်ုပ်သည် မအမာ၏မျက်နှာကိုရှာသော်လည်း မတွေ့သဖြင့် ထင်ခြေမကိုက်ဘဲဖြစ်သွား၏။ သို့ရာတွင် လေဆိပ်မှ မြို့ထဲသို့ ကားဖြင့်မောင်းလာကြသည့်အခါ လေဆိပ်နှင့်မြို့မှာ အတော်ဝေးသည်ကိုတွေ့ရသည်တွင်မှ ဤဥတုမျိုးတွင် ဤမျှလောက် ခရီးဝေးအောင် မလာနိုင်ပေဟု အောက်မေ့ကာ ခွင့်လွှတ်လိုက်ပါသည်။

**မအမာ၏အသံ**

ဟိုတယ်သို့ရောက်သည်နှင့်တစ်ပြိုင်နက် မအမာအကြောင်းကို စုံစမ်းရာ ကျွန်ုပ်တို့ကိုလာ၍ကြိုသည့် ရှရှားမိတ်ဆွေများအနက်မှ စကားပြန်အမျိုးသမီးကလေးက ...

"မြန်မာအမျိုးသမီးတစ်ယောက်သည် ရွှေဥဒေါင်းအမည်ကို တစ်ညနေလုံး မေးမြန်းစုံစမ်းလျက်ရှိသည်"

ဟုပြောသဖြင့် စိတ်ကျေနပ်သွားပါသည်။ ထို့နောက် အဝတ်များလဲ၍ ညစာစားလျက်ရှိကြစဉ် ရှရှားမိတ်ဆွေတစ်ယောက်က တယ်လီဖုန်းမှ အမျိုးသမီးတစ်ယောက်သည် ကျွန်ုပ်နှင့်စကားပြောလိုကြောင်းပြောလေသည်။ ကျွန်ုပ်ကား မအမာဖြစ်ရမည်ဟု ချက်ချင်းသိ၍ ထလိုက်သွားပြီး တယ်လီဖုန်းကိုင်လျက် ...

**"ကျွန်ုပ်၏မေတ္တာမှာ အမျိုးသမီးများနှင့် ပတ်သက်သောနေရာမျိုးတွင် နှမအရွယ်၊ သမီးအရွယ်၊ မြေးအရွယ် စသည်ဖြင့် ပိုင်းခြားပြီးလျှင် သူတို့၏အရွယ်အလိုက် နှမကလေးကဲ့သို့လည်းကောင်း၊ သမီးကလေးကဲ့သို့လည်းကောင်း၊ မြေးကလေးကဲ့သို့လည်းကောင်း သဘောထားဖို့ ကျွန်ုပ်မမေ့ပါ။ ကျွန်ုပ်၏မေတ္တာစိတ်ဓာတ်အောင်မြင်လျက်ရှိခြင်းကို ကိုယ့်ဘာသာကိုယ် သိသော်လည်း ဖောက်ပြန်သောစိတ်မျိုး မဖြစ်ပေါ်စေရအောင် အထူးတလည် သတိပြုပါသည် . . ."**

"ဟဲလို..." ဟု ခေါ်လိုက်သည်တွင်

"ဒေါ်အမာ စကားပြောနေပါတယ်"

ဟု အင်္ဂလိပ်လိုပြောသံကြားလိုက်သည်နှင့် မအမာသည် ကျွန်ုပ်၏ဟဲလိုသံကို ကျွန်ုပ်၏အသံဖြစ်သည်ဟုမသိကြောင်း ရိပ်မိလေပြီ။ သို့ဖြစ်၍ ကျွန်ုပ်က ဗိုလ်ဆန်ဆန်အသံဖြင့် ...

"ဘယ်က ဒေါ်အမာလဲ။ ဘာလဲ ညာလဲ"

စသည်ဖြင့် နောက်ပြောင်ဖို့ အကြံဖြစ်သေးသော်လည်း တစ်ဖက်က တွေ့ချင်လှ၍ တယ်လီဖုန်းအကြိမ်ကြိမ်ဆက်နေရာတွင် ကျွန်ုပ်က နောက်ပြောင်ခြင်းငှာမသင့်ဟု သတိရပြီး ...

"ဦးလေးသိန်းပါ"

ဟု ချက်ချင်းပြောပြလိုက်သည်။ ဤတွင် ကျွန်ုပ်သည် ဝမ်းသာလွန်းသဖြင့် တုန်ယင်လျက်ရှိသော မအမာ၏အသံကိုကြားလိုက်ရပြီးနောက် ကျွန်ုပ်၏ဟိုတယ်သို့ သူချက်ချင်းလာခဲ့ပါမည်ဟု ချိန်းဆိုလေသည်။ ကျွန်ုပ်က ...

"ယခု ညစာစားပွဲမှထ၍ စကားပြောရခြင်းဖြစ်သည်"

ဟု ပြန်ပြောသောအခါ မအမာက...

"ကျွန်ုပ်စားပြီးချိန်လောက်တွင် လာခဲ့ပါမည်"

ဟု ပြောလေသည်။ ကျွန်ုပ်သည် စားပွဲခန်းသို့ ပြန်သွား၍ ညစာကို ဆက်လက်စားပါသော်လည်း စိတ်လှုပ်ရှားလျက်ရှိ၍ မစားနိုင်သည်နှင့် နာမည်ကြီးလှသည့် ရှရှားဗိုဒ်ကာတစ်ခွက်ကို ပထမအကြိမ်မြည်းပြီး ကျွန်ုပ်၏အခန်းသို့ပြန်ကာ စောင့်နေပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲ နံရံကပ်စာစောင်ပြပွဲများကျင်းပ



သထုံ အောက်တိုဘာ ၁၄

မွန်ပြည်နယ် သထုံမြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် အောက်တိုဘာလ ၁၄ ရက်တွင် ပေါ်တော်မူကျောက်တန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းများဆောင်ရွက်ကြသည်။

ရှေးဦးစွာ သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာအပြင် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကုန်ကူးမှုအန္တရာယ် သတိပြုကာကွယ်ရေး စသည့်အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

ချမ်းမြေ့

# မြန်မာနိုင်ငံနှင့်ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေး



✯ **ရှေ့ဖုံးမှအဆက်**

ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander AZIZOV နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုနှင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ စီးပွားရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူငယ်ကဏ္ဍ၊ ဆောက်လုပ်ရေးနှင့်အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌအား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev နှင့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံအကြား ကျန်းမာရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးကိစ္စရပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် စိန့်ပီတာစဘတ်မြို့ရှိ Napalkov Cancer Center တို့အကြား ၂၀၂၄ ခုနှစ်တွင် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီး ကင်ဆာရောဂါကုသမှုဆိုင်ရာ အတွေ့အကြုံများ ဖလှယ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ စိန့်ပီတာစဘတ်မြို့ရှိဆေးဝါးစက်ရုံများမှထုတ်လုပ်သည့် ကင်ဆာရောဂါနှင့် ဆီးချိုရောဂါကုသမှုဆိုင်ရာ ဆေးဝါးနှင့်ဆေးပစ္စည်းများ မြန်မာနိုင်ငံသို့ တင်သွင်းရောင်းချလျက်ရှိသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံရှိအထူးကုဆရာဝန်များအား ရုရှားနိုင်ငံသို့ ပညာသင်စေလွှတ်ရေးနှင့် နှစ်နိုင်ငံဆေးဘက်ဆိုင်ရာတက္ကသိုလ်များအကြား ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ ကလေးဦးနှောက်နှင့်အာရုံကြောရောဂါကုသမှုနှင့် ကလေးများတွင်ဖြစ်ပွားတတ်သော ကူးစက်ရောဂါကုသမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ စိန့်ပီတာစဘတ်မြို့အစိုးရ၊ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားကုန်သွယ်မှုအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**မြဝတီ**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Fara Myanmar EV Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ3X အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC TOYOTA BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD E2 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**မြဝတီ**



# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းများ၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ၊ စာဖတ်ဝိုင်းများ၊ ပြိုင်ပွဲများနှင့် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များငှားရမ်းပေးခြင်း စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၁၃ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထက်မြက်သူက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတွေးအခေါ်မှန်ကန်ပြီး အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန်၊ အားလပ်သောအချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ကျောင်းစာအပြင် ပြင်ပစာပေများကို လေ့လာဖတ်ရှုကြသည့် အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E.Mr. Deng Xijiun အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ကိုကိုဦးတို့ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ NCA လက်မှတ်ရေးထိုးရာတွင် တရုတ်နိုင်ငံအပါအဝင် နိုင်ငံတကာမှအသိသက်သေများ ပါဝင်ခဲ့မှုအခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ကူညီဆောင်ရွက်ပေးလျက်ရှိမှုနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအပေါ် အလေးထားလျက်ရှိမှုအခြေအနေများ၊ မြန်မာ-တရုတ်နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးစွာဖြင့် အေးအတူပူအမျှ မဟာဗျူဟာမြောက် ဆက်ဆံရေးရှိသည့်အခြေအနေများ၊ မြန်မာနိုင်ငံတွင် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့်ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြုလုပ်မည့်အပေါ် တရုတ်နိုင်ငံအနေဖြင့် အားပေးထောက်ခံလျက်ရှိမှုအခြေအနေများ၊ **ရွေးကောက်ပွဲကျင်းပရာတွင်လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)များဖြင့် ဆန္ဒမဲပေးနိုင်ရေးစီစဉ်ဆောင်ရွက်ထားရှိမှု** အခြေအနေများ၊ **ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင်တရုတ်နိုင်ငံအပါအဝင်နိုင်ငံတကာမှရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှု**အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ်အား ရွေးကောက်ပွဲကျင်းပပြုလုပ်စဉ်အသုံးပြုမည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) စက်များအားပြသရာ ရွေးကောက်ပွဲကော်မရှင်မှတာဝန်ရှိသူများက မဲပေးစက်၏လုပ်ငန်းလုပ်ဆောင်မှုအဆင့်ဆင့်အား ရှင်းလင်းပြသခဲ့ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ်၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

○ ကျောဖုံးမှအဆက်

ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E.Mr. Deng Xijiun အား ရွေးကောက်ပွဲကျင်းပပြုလုပ်စဉ် အသုံးပြုမည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) စက်များကို ပြသရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းလုပ်ဆောင်မှုအဆင့်ဆင့်ကို ရှင်းလင်းပြသစဉ်။

# အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ(Authorized Econo-mic Operators – AEO) အသိအမှတ်ပြုလက်မှတ်ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က Shwe Wah Yaung Agriculture Production Co., Ltd. နှင့် Proven Technology Industry Co., Ltd. တို့ကို အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ AEO (Level–2) အသိအမှတ်ပြုလက်မှတ်များ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က Wilmar Myanmar Riceland Limited ၊ Wilmar Myanmar Edible Oils Limited နှင့် UPG Paint & Coating Co., Ltd. တို့ကို အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ AEO (Level–1) အသိအမှတ်ပြုလက်မှတ်များကို တာဝန်ရှိသူများထံပေးအပ်ပြီး ပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်၌ ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ်ဆု ၃၀၊ ငွေတံဆိပ်ဆု ၂၁ ဆု၊ ကြေးတံဆိပ်ဆု ရှစ်ဆု၊ ဂုဏ်ပြုဆုတစ်ဆုဖြင့် အဆင့်တစ်နေရာရရှိခဲ့သည့် အောင်ပွဲရပြိုင်ပွဲဝင်များအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို




မြန်မာကွန်ဗင်းရှင်းစင်တာ (MCC) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြား၍ ပြိုင်ပွဲများ၏ မှတ်တမ်း Video Clip အားပြသပြီး ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် အောင်ပွဲရပြိုင်ပွဲဝင်များနှင့် တက်ရောက်လာကြသူများအား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကာ "ရွှေရောင်လွှမ်းခြုံတိုင်းရန်ကုန်" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်းသိရသည်။**ဖွဲ့ထက်ကို(ပြန်/ဆက်)**

## ၁၄-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**သတ်မှတ်ရေးကော်မတီ**

# တောင်ကြီးမြို့၌ ရှမ်းပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ရုံးသစ်ဖွင့်လှစ်



တောင်ကြီး အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကံကြီးရပ်ကွက် တောင်ကြီး-ဟိုပုံးသွားကားလမ်းဘေးရှိ ရှမ်းပြည်နယ် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာလ ၁၄ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် တာဝန်ရှိသူများက ရုံးသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြသည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၁) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းက အဆောက်အအုံသစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ညွှန်ကြားရေးမှူး ဒေါ်ခင်မျိုးမြင့်လှိုင်က လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဆောက်အအုံကိုဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၁)က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာခွင့်ပြုရန်ပုံငွေကျပ် ၉၇၁ ဒသမ ၄၀၀ သန်းဖြင့် တာဝန်ယူဆောက်လုပ်ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် လုပ်ငန်းများပြီးစီး၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ (၄၀၅)

# ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မြေပဲသီးနှံ ၃၄၆၇၃ ဧက စိုက်ပျိုးပြီးစီး

ဘုတလင် အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မြေပဲသီးနှံ ၃၄၆၇၃ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ်မိုးသီးနှံစိုက်ပျိုးချိန်တွင် ဘုတလင်မြို့နယ်၌ မြေပဲဧက ၃၄၇၀၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ်မေလမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၃၄၆၇၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးချိန် ဘုတလင်မြို့နယ်မှာ မြေပဲသီးနှံဧက ၃၄၇၀၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားချက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးနေတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်တိုးတက်လာပါတယ်" ဟု ဘုတလင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဖြိုးဝေက ပြောသည်။

ယခုနှစ် ဘုတလင်မြို့နယ်တွင် မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက်စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများကကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများစိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## MWD Education, Knowledge & Sports Channel

၁၅-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၀၅ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၀၅ - ၁၆:၄၅ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၆:၄၅ - ၁၇:၂၀ | Grade – 7 | သမိုင်း၊ သိပ္ပံ |

## မြဝတီရုပ်မြင်သံကြားအစီအစဉ်


၁၅-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် |
| ၃။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |
| ၄။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၅။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၆။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၇။ | ၁၅:၀၀ | ဆောင်းပါးပေါ်မှစာစုများ |
| ၈။ | ၁၇:၀၀ | မြန်မာသံစဉ်ချိုနှားဝင် |
| ၉။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၀။ | ၁၈:၄၀ | Music Gallery |
| ၁၁။ | ၁၉:၀၀ | (၃၈)ဖြာမင်္ဂလာ ကာလေနဓမ္မသာကစ္ဆာ |
| ၁၂။ | ည ၈ နာရီ သတင်းအပြီး | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ |
| ၁၃။ | | တစ်ချိန်ကသူတို့အကြောင်း |
| ၁၄။ | | ခရီးလည်းသွား စကားလည်းဆို |

## MWD Variety Channel

၁၅-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၁၅ ရှာဖွေလေ့လာပြတိုက်မှာ
၂။ ၁၁:၃၀ ကမ္ဘာတစ်ခွင် မှတ်တမ်းဝင်
၃။ ၁၄:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၂၁:၀၅ မှတ်တမ်းအစီအစဉ်



# ဆေးဖက်ဝင်မန်ကျည်းစေ့အစွမ်းအံ့မခန်း

**မန်ကျည်းစေ့တွင်ပါဝင်သော အာဟာရဓာတ်များ**

မန်ကျည်းစေ့တွင် ဖော့စဖရပ်စ်၊ မဂ္ဂနီဆီယမ်၊ ဗီတာမင် - C ၊ ပိုတက်ဆီယမ်၊ ကယ်လ်စီယမ်နှင့် အမိုင်နိုအက်စစ်တို့ ကြွယ်ဝစွာပါဝင်သည်။ မန်ကျည်းစေ့၏အပြင်လွှာက ဝမ်းပျက်၊ ဝမ်းလျှောခြင်းကို သက်သာစေနိုင်သည်။

**နှလုံးကျန်းမာစေနိုင်သော မန်ကျည်းစေ့**

မန်ကျည်းစေ့တွင် ပိုတက်ဆီယမ် ပါဝင်နေသောကြောင့် သွေးတိုးကျစေနိုင်သကဲ့သို့ နှလုံးကျန်းမာစေရန်အတွက်လည်း အကောင်းဆုံးအထောက်အပံ့ပေးနိုင်သည်။

**ကင်ဆာကိုကာကွယ်ပေးနိုင်သော မန်ကျည်းစေ့**

မန်ကျည်းစေ့သည် အူမကြီးကင်ဆာ အပါအဝင် ကင်ဆာရောဂါတော်တော်များများကို ကာကွယ်ပေးနိုင်သည်။

**အဆစ်ရောင်ခြင်းကိုသက်သာစေနိုင်သောမန်ကျည်းစေ့**

မန်ကျည်းစေ့သည် နာကျင်ရောင်ရမ်းခြင်းကိုသက်သာစေနိုင်ပြီး အဆစ်ရောင်ရောဂါကြောင့် အဆစ်နာခြင်းများကို သက်သာစေနိုင်သည်။

မန်ကျည်းစေ့ကို အမှုန့်ကြိတ်ပြီး လက်ဖက်ရည်ဇွန်းတစ်ဝက်စာ တစ်ရက်လျှင် နှစ်ကြိမ်သောက်ပေးခြင်းဖြင့် အဆစ်များအတွင်း ချောဆီများဖြစ်ပေါ်စေပြီး အဆစ်နာခြင်းကို သိသာစွာ သက်သာစေနိုင်သည်။ ဒူးနာသူများအတွက် များစွာအဆင်ပြေစေနိုင်သည်။

**သွားနှင့်ခံတွင်းကျန်းမာစေနိုင်သော မန်ကျည်းစေ့**

သွားကိုက်ခြင်း၊ သွားဖုံးနာခြင်း၊ သွားတွင် သွားချေးများဖြစ်နေခြင်းကို သက်သာစေရန် မန်ကျည်းစေ့အမှုန့်ကို အသုံးပြုနိုင်သည်။ မန်ကျည်းစေ့ကိုလှော်ပြီး အမှုန့်ကြိတ်၍ ရလာသည့်အမှုန့်ဖြင့် သွားတိုက်ပေးနိုင်သည်။

**အစာမကြေခြင်းကိုသက်သာစေနိုင်သောမန်ကျည်းစေ့**

မန်ကျည်းစေ့က သည်းခြေရည်ထုတ်လုပ်မှုကိုတိုးစေနိုင်ပြီး အစာမကြေခြင်းကို သက်သာစေနိုင်သည်။ အစာအိမ်ပြဿနာရှိခြင်း၊ ဝမ်းချုပ်ခြင်းနှင့် အစာမကြေခြင်းများကို အထိရောက်ဆုံး သက်သာစေနိုင်သည်။ ကိုလက်စထရောပါဝင်မှုနည်းသောကြောင့် ကျန်းမာရေးအတွက် များစွာအသုံးဝင်သည်။

**ဗက်တီးရီးယားများကိုတိုက်ဖျက်ပေးနိုင်သောမန်ကျည်းစေ့**

ဗက်တီးရီးယားများကို တိုက်ဖျက်ပေးနိုင်သည့် အာနိသင်ရှိသောကြောင့် အဆုတ်ရောင်ခြင်း၊ အစာအိမ်အူလမ်းကြောင်း ပိုးဝင်ခြင်းနှင့် ဆီးလမ်းကြောင်းပိုးဝင်ခြင်းကဲ့သို့ ဗက်တီးရီးယားပိုးကူးစက်ခြင်းကြောင့် ဖြစ်နိုင်သည့်ရောဂါများကို ကာကွယ်ပေးနိုင်သည်။ ချောင်းဆိုးခြင်း၊ အာသီးရောင်ခြင်းနှင့် လည်ချောင်းနာခြင်းကို သက်သာစေနိုင်သည်။ ထို့ပြင် မန်ကျည်းစေ့ကို အာလုတ်ကျင်းဆေးအနေဖြင့် အသုံးပြုနိုင်သည်။ မန်ကျည်းစေ့အမှုန့်ကို ချင်းအနည်းငယ်၊ သစ်ကြံပိုးခေါက်မှုန့်အနည်းငယ်တို့နှင့် ရောစပ်၍ ရေနွေးနွေးနှင့်ဖျော်ပြီး အာလုတ်ကျင်းပေးပါက ခံတွင်းထဲမှ ဗက်တီးရီးယားများကိုတိုက်ဖျက်ပေးနိုင်သဖြင့် အအေးမိခြင်းကြောင့်ဖြစ်သည့် ချောင်းဆိုးခြင်း၊ လည်ချောင်းနာခြင်းနှင့် အာသီးရောင်ခြင်းတို့ကို အထိရောက်ဆုံးသက်သာစေနိုင်သည်။

**သွေးချိုကျစေနိုင်သောမန်ကျည်းစေ့**



မန်ကျည်းစေ့က အင်ဆူလင်ထွက်ရှိမှုကိုတိုးစေနိုင်သကဲ့သို့ ပန်ကရိယကိုကျန်းမာစေနိုင်သောကြောင့် သွေးတွင်းသကြားဓာတ်ကို အကောင်းဆုံးထိန်းညှိပေးနိုင်သည်။ မန်ကျည်းစေ့တွင် ပိုတက်ဆီယမ် ပါဝင်သောကြောင့် သွေးတိုးကျစေနိုင်သည်။

**အသားအရေကိုတင်းရင်းစေနိုင်သောမန်ကျည်းစေ့**

မန်ကျည်းစေ့က အရေပြားကို အစိုဓာတ်ထိန်းပေးသကဲ့သို့ အပြစ်အနာအဆာကင်းစေနိုင်သည်။ အရေးအကြောင်းများကိုသက်သာစေပြီး တင်းရင်းလှပစေနိုင်သည်။ အရေပြားအတွက်လိုအပ်သည့် ရေဓာတ်ကို အကောင်းဆုံးဖြည့်ပေးနိုင်ပြီး အရွယ်တင်နုပျိုသည့် အသားအရေကို ပိုင်ဆိုင်လိုသူတိုင်း မန်ကျည်းစေ့ကို မေ့ထား၍မဖြစ်ပေ။

**အရေပြားကျန်းမာစေနိုင်သော မန်ကျည်းစေ့**

မန်ကျည်းစေ့တွင် Xyloglucan ပါဝင်နေသောကြောင့် အသားအရေကို ကြည်လင်စေပြီး အရေပြားပြဿနာများကို သက်သာစေနိုင်သည်။

**အရိုးကျိုးခြင်းအတွက်အသုံးပြုနိုင်သောမန်ကျည်းစေ့**

မန်ကျည်းစေ့ကို ပျစ်ပျစ်သွေးပြီး အရိုးကျိုးသည့်နေရာတွင် ခပ်ထူထူလူးပေးခြင်းဖြင့် အရိုးမြန်မြန်ဆက်စေရန် အထောက်အကူပြုနိုင်သည်။

**ပိုးကောင်ကိုက်သည့်အခါ သက်သာစေသောမန်ကျည်းစေ့**

ပိုးကောင်ကိုက်သည့်အခါ မန်ကျည်းစေ့ကို သွေးလူးပေးခြင်းဖြင့် အရောင်ကျစေနိုင်သကဲ့သို့ အနာသက်သာစေနိုင်သည်။

**ကိုယ်ခံအားကောင်းစေနိုင်သော မန်ကျည်းစေ့**

မန်ကျည်းစေ့တွင် ကိုယ်ခံအားကို အကောင်းဆုံး အထောက်အပံ့ပေးနိုင်သည့် အာဟာရဓာတ်များပါဝင်နေသည်။ ထို့ကြောင့် ရောဂါပိုးများစွာကို ကာကွယ်ပေးနိုင်သည်။

**အနာကျက်မြန်စေနိုင်သော မန်ကျည်းစေ့**

ထိခိုက်ရှနာဖြစ်သည့်အခါ အနာကျက်မြန်စေရန် မန်ကျည်းစေ့ကို အသုံးပြုနိုင်ပြီး မန်ကျည်းခေါက်ကို သွေးလူးပေးနိုင်သည်။ မန်ကျည်းစေ့ကိုသွေးပြီး အနာပေါ်လူးပေးမည်ဆိုလျှင် ၁၀ ရက်အတွင်း သိသာသည့်ရလဒ်ကိုရရှိမည်ဖြစ်သည်။ ထို့ကြောင့် ဆေးဖက်ဝင်သော မန်ကျည်းစေ့ကို လွှင့်မပစ်ဘဲ သေချာသိမ်းထားပြီး လိုအပ်လာသည့်အခါ အသုံးပြုနိုင်သည်။

**မန်ကျည်းစေ့အသုံးမပြုသင့်သူများ**

မန်ကျည်းစေ့နှင့် ဓာတ်မတည့်သူများ၊ ရောဂါအခံရှိသူများ၊ ကျန်းမာရေးပြဿနာတစ်ရပ်ရပ်အတွက် ဆေးသောက်နေရသူများ၊ ကိုယ်ဝန်ဆောင်၊ နို့တိုက်မိခင်များနှင့် ကလေးများအနေဖြင့် ဆရာဝန်နှင့်တိုင်ပင်ပြီးမှ အသုံးပြုသင့်သည်။ မန်ကျည်းစေ့က ဆေးဖက်ဝင်သည်မှန်သော်လည်း အလွန်အကျွံအသုံးမပြုရန်လည်းလိုအပ်သည်။

**မန်ကျည်းစေ့အနှစ်ချုပ်**

မန်ကျည်းသီးမှည့်ကို အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ တင်ပို့ရောင်းချရသည့်အပြင် ပြည်တွင်း၌လည်းစားသုံးမှုများသဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပြီး ပြည်ပဝင်ငွေရရှိနိုင်ခြင်း၊ အစားအစာများထုတ်လုပ်ရာတွင် အဖိုးတန်အသုံးဝင်ခြင်းအပြင် ဆေးဖက်အလွန်ဝင်သည်။ ထို့အတူ မန်ကျည်းစေ့ကလည်း ကျန်းမာရေးကို အထောက်အကူပြုသကဲ့သို့ ဘေးထွက်ဆိုးကျိုးလည်း အနည်းငယ်ရှိသဖြင့် ဆင်ခြင်သုံးစွဲသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဒေါက်တာလပြည့်ခင်

## သံတောင်ကြီးမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး



သံတောင်ကြီး အောက်တိုဘာ ၁၄

ကရင်ပြည်နယ်သံတောင်ကြီးမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို အောက်တိုဘာလ ၁၃ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ပေးသည်။

ထိုသို့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရာတွင် ကျန်းမာရေးဝန်ထမ်းများက သံတောင်ကြီးမြို့နယ်ရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များအား အသက်အရွယ်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောဖြစ်စေတတ်သော ရိုတာ (Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

သံတောင်ကြီးမြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များ ကျန်းမာသန်စွမ်းပြီး ရောဂါဘယကင်းဝေးစေရန် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပုံမှန်ကာကွယ်ဆေးများကို လစဉ် ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

နော်နော်မူ

## မြိတ်မြို့၌ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် သရုပ်ဖော်ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မြိတ် အောက်တိုဘာ ၁၄

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင်ကျရောက်သော အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် သရုပ်ဖော်ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို အောက်တိုဘာလ ၁၃ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင်ပညာရေးမှူး ဦးသန်းထိုက်က အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် သရုပ်ဖော်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများကို မြိတ်ခရိုင်ပညာရေးမှူး ဦးသန်းထိုက်၊ မြိတ်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇင်လတ်တို့နှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အခမ်းအနားကို ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံ၌လည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

# ငြိမ်းချမ်းရေးလမ်း ပန်းမွှေ့ရာ

❖ အစဉ်အားအင် အလင်းဖြာ၊ ဝန်အပြိုင်ထမ်းပါတဲ့
ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းရယ်တို့
တစ်ဝမ်းတည်း အတူတူဖွားပါပဲ
တစ်လမ်းတည်း အတူတူသွားတဲ့ပြင်
အတူတူစား အတူတူနေထိုင်လာရင်း
အခြေခိုင်မာ တစ်သွေးတစ်သားတွေမို့
ဘေးစကားဆို အလေးမထားပါဘူး
သွေးစကားကို အရေးထားတယ်
ဘိုးဘွားအစဉ်အဆက်ရဲ့ ထားရစ်အမွေ။
(သားချင်းတို့ရေ. . .)
နိုးကြားအမြင်ထက်တဲ့ အားသစ်ဝေ။
❖ ပဝေသဏီ ရှေ(ရှည်)ကြာလှပြီပေါ့
အခြေတည် နေလာကြတာက
နှစ်ပရိစ္ဆေဒ မရေမတွက်နိုင်ဘူး
ဆွေဆက်တိုင် သင်္ကာကင်းပါရဲ့
ရွှေလက်ခိုင် အစဉ်အလာမယွင်းပါပဲ
ရိုင်းပင်း ဖေးမကူလို့
အေးမျှအတူ တည်ထောင်ပြုနေတဲ့
ပြည်ထောင်စုကြီး တက်နေပမာသို့
ကျက်သရေဖြာ စည်သာမွေးပါပေ့
အခက်အလက်ဝေကာ ပြည်ရွာအရေးမှာလည်း
အေးချမ်းတဲ့မြေ။
❖ အရေးထဲမှာလ
သွေးခွဲကာ သဝေထိုးလာတော့
အသရေညှိုးစရာ ကြမ္မာကြုံခဲ့
ဖန်လာပုံ ဆွေမျိုးအတွင်းကို
ခြေထိုးပင်း အငြင်းပွားရအောင်
အချင်းများကာ သံသယပွားစေဖို့
ဟန်ပြသမား မြှူဆွယ်တဲ့
စကားပရိယာယ် မမြင်သာမှိုင်းရယ်ကြောင့်
ထင်ရာစိုင်း မိုက်သွေးဝင်လို့
မိုက်ရေးငင် မိုက်ဇာတ်ခင်းလေတော့
ပြည်တွင်းရေး ကမောက်ကမရယ်နဲ့
ကြောက်စရာ့ အခြေအနေ
ချောက်မကျစေဖို့ သတိတမံနှင့်တား။
(သားချင်းတို့ရေ. . .)
နောက်ကျမနေဖို့ အသိဉာဏ်ဆင့်ပွား။
❖ ကိုယ့်အမြင် ကိုယ့်သဘောရယ်နှင့်
သူ့အမြင် သူ့သဘောကိုလ
နီးနှောကာ အမြင်ဖလှယ်ရင်း
တွင်ကျယ်လာ အသိနိုးတဲ့ပြင်
အမျိုးသားရေး အကြောင်းရင်းပိုင်ပိုင်နဲ့
ခေါင်းချင်းဆိုင် တိုင်ပင်ကြလေတော့
သံသယရင်း အပြီးပန်းဆင်လို့
နှလုံးလန်းရွှင် ပီတိလွှမ်းကာ
ငြိမ်းချမ်းရေးလမ်း ပန်းမွှေ့ရာမို့
ချမ်းမြေ့သာ တလူလူအညွှန့်တွေနဲ့
ဖွံ့ဖြိုးစည်ကား။ ။

(၁၀)နှစ်ပြည့် NCA နှစ်ပတ်လည်နေ့ကိုဂုဏ်ပြုပါသည်။

**ရေနံ့သာမောင်ကျော်ညွန့်**

## ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်း တည်ဆောက်ပြီးစီး

ရေနံချောင်း အောက်တိုဘာ ၁၄

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန်ကျေးရွာချင်းဆက်လမ်းပေါ်၌ ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်းတည်ဆောက်ပြီးစီးမှုကို အောက်တိုဘာလ ၁၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ရေနံချောင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်တာဝန်ခံအင်ဂျင်နီယာ(မြို့ပြ) ဒေါ်သီရိဖြိုးဝေဝင့်နှင့် တာဝန်ရှိသူများက ဖန်ခါးစမ်း-သန်းပင်ကုန်း-အလယ်ကန်ကျေးရွာချင်းဆက်လမ်းပေါ်၌ ကျောက်ကြီးစီကမ်းကပ်ခုံနှင့် သံကူကွန်ကရစ်ကြမ်းခင်း Box Culvert နှစ်စင်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာမှ ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းအား ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန်မှာကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းပေါ်၌ ကျောက်ကြီးစီကမ်းကပ်ခုံနှင့်သံကူကွန်ကရစ်ကြမ်းခင်း အရှည် ၂၄ ပေ၊ အကျယ် ၅ ပေ၊ အမြင့် ၅ ပေရှိ Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၂၇ သန်းအသုံးပြု၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက သြဂုတ်လ ဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နော်လူး

## ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲစိုက်ခင်းအတွင်း မြေဩဇာထည့်သွင်းအသုံးပြုခြင်းကွင်းသရုပ်ပြသ



ကျွန်းလှ အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ဆောင်းမြေပဲစိုက်ခင်းအတွင်း မြေဩဇာထည့်သွင်းအသုံးပြုခြင်းကွင်းသရုပ်ပြပွဲကို အောက်တိုဘာလ ၁၄ ရက် နံနက်ပိုင်းတွင် သစ်ရာမြိုင်ရပ်ကွက် ကွင်းအမှတ် ၄၈၂ တောင်သူ ဦးခင်မောင်ညွန့်၏ ယာမြေငါးကေ၌ ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဒေါ်မြင့်မြင့်ရီက မြေဩဇာ စနစ်တကျထည့်သွင်း အသုံးပြုခြင်းဖြင့် မြေဆီလွှာဖွံ့စည်းတည်ဆောက်မှုတိုးတက်ကောင်းမွန်ခြင်း၊ မြေပဲအတောင့်ကြီးထွားပြီး အစေ့အဆန်ပိုမိုပြည့်ဝခြင်း၊ အထွက်နှုန်းကောင်းခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူများအား မြေဩဇာများပေးအပ်ပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ ကျွန်းလှမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘုန်းမြင့်နိုင်နှင့်ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

### သဇင်(FM)အသံလွှင့်အစီအစဉ်

၁၅-၁၀-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၃/၂၀၂၅)

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA) ကို ပြည်တွင်းနှင့် နိုင်ငံတကာအသိသက်သေများရှေ့မှောက်၌ လက်မှတ်ရေးထိုးခဲ့သည်မှာ ယနေ့တွင် (၁၀)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ အဆိုပါ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) သည် လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှု စသည်တို့ကိုအခြေခံကာ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးအတွက် ပါဝင်သင့်သူအားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် ဦးတည်ဆောင်ရွက်သည်ကို တွေ့ရှိရပါသည်။

၂။ ယင်းဦးတည်ချက်နှင့်အညီ ၂၀၂၅ ခုနှစ်အတွင်း နယ်ပယ်အသီးသီးမှ အဖွဲ့အစည်းများ၊ အလွှာအသီးသီးမှ ပုဂ္ဂိုလ်များပါဝင်သည့် ငြိမ်းချမ်းရေးစကားဝိုင်းနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ယင်းဆောင်ရွက်ချက်များသည် စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။ ငြိမ်းချမ်းရေးရရှိမှသာ တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းလာပြီး လူ့အခွင့်အရေးများ ရရှိခံစားနိုင်မည်ဖြစ်ပါသည်။

၃။ ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ ရည်ရွယ်ချက်များနှင့် အခြေခံမူများတွင် ငြိမ်းချမ်းရေးပျက်ပြားစေတတ်သည့် အရေးကိစ္စရပ်များကို ပြေလည်ကျေအေးအောင် ဆောင်ရွက်ရာ၌ တရားမျှတမှု အခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသော နည်းလမ်းများကျင့်သုံးရန် ချမှတ်ထားပါသည်။ ထို့အတူ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၂၌ လူတိုင်းကို မည်သည့်အကြောင်းကြောင့်မျှ ခွဲခြားမှုမပြုဘဲ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များရရှိစေရန် ဖော်ပြထားသကဲ့သို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ၏ အခြေခံမူများတွင်လည်း ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူအခွင့်အရေးရရှိစေရန်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

၄။ ယင်းအခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်ရန်နှင့် တရားမျှတမှုနှင့် လူ့အခွင့်အရေးအပေါ်အခြေခံသော ဒီမိုကရေစီဖက်ဒရယ်စနစ်ဖော်ဆောင်ရာတွင် နိုင်ငံတွင်းပစ်ခတ်တိုက်ခိုက်မှုများ ချုပ်ငြိမ်းပြီး ငြိမ်းချမ်းမှုရရှိရန် အားလုံးက ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် နိုင်ငံတွင်းပစ်ခတ်တိုက်ခိုက်မှုများရပ်စဲစေရေးအတွက်သာမက ပစ္စုပ္ပန်နှင့် အနာဂတ်မျိုးဆက်များ၏ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေး (Right to Development) အတွက် ကြီးမားစွာအထောက်အပံ့ဖြစ်စေပါသည်။

၅။ နိုင်ငံတွင်းမှီတင်းနေထိုင်ကြသူများအားလုံး၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းသောနိုင်ငံတော် ဖြစ်ပေါ်လာစေရေး ကြိုးပမ်းသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုပါကြောင်းနှင့် ဆက်စပ်ကျင်းပမည့် ဆွေးနွေးပွဲများကိုကြိုဆိုပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်

# ကမ္ဘာ့စံချိန်စံညွှန်းနေ့ (World Standards Day 2025) အခမ်းအနားနှင့် အမျိုးသားအရည်အသွေး ထောက်ခံချက်ထုတ်ပေးရေးအဖွဲ့ အကောင်အထည်ဖော်ရေး စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကျင်းပ




နေပြည်တော် အောက်တိုဘာ ၁၄

အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်း အဖွဲ့ကြီးက နိုင်ငံတကာ စံချိန်စံညွှန်းရေးဆွဲသည့် ပညာရှင်များနှင့် ပြည်တွင်းရှိ မြန်မာစံချိန်စံညွှန်းများ ပေါ်ထွက်လာစေရန် ပါဝင်ဆောင်ရွက်သူများကို ဂုဏ်ပြုရန်ရည်ရွယ်၍ ကမ္ဘာ့စံချိန်စံညွှန်းနေ့ (၁၃)ကြိမ်မြောက် အခမ်းအနားကို ယနေ့တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

ဦးစွာအမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က ယခုနှစ် ကမ္ဘာ့စံချိန်စံညွှန်းနေ့ (၂၀၂၅)၏ ဆောင်ပုဒ်မှာ “Shared Vision for a Better World: Spotlight on SDG 17– Partnerships for the Goals” (ပိုမိုကောင်းမွန်သော ကမ္ဘာကြီးအတွက် မျှော်မှန်းချက်များမျှဝေခြင်း– SDG 17 ရည်မှန်းချက်ပန်းတိုင်များအတွက် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု) ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းများသည် တစ်ကမ္ဘာလုံး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သောကြောင့် နည်းပညာနှင့်ဆန်းသစ်တီထွင်မှုများကို အရှိန်မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် မြန်မာစံချိန်စံညွှန်း ၉၄၈ ခုကို အတည်ပြုချမှတ်နိုင်ခဲ့ပြီး ပြည်တွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံးတွင် စံချိန်စံညွှန်းများနှင့်အညီ ကျင့်သုံးခြင်းဖြင့် မိမိတို့၏ ထုတ်ကုန်များ အရည်အသွေးပြည့်မီပြီး နိုင်ငံတကာ အသိအမှတ်ပြုမှုကို ရရှိစေခြင်းကြောင့် ကုန်သွယ်မှုတွင် လွယ်ကူချောမွေ့စေပြီး ပို့ကုန်ကဏ္ဍမြှင့်တင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ စံချိန်စံညွှန်းအဖွဲ့ကြီး၏ အထွေထွေအတွင်းရေးမှူးချုပ် Mr. Sergio Mujica ၏ ကမ္ဘာ့စံချိန်စံညွှန်းနေ့ ဂုဏ်ပြုစကားနှင့် ကမ္ဘာ့စံချိန်စံညွှန်းနေ့ (၂၀၂၅) ဆိုင်ရာ ဗီဒီယိုကို ကြည့်ရှုကြသည်။

အခမ်းအနားသို့ အမျိုးသားစံချိန်စံညွှန်းကောင်စီဝင်များဖြစ်ကြသော ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီဝင်များ၊ စံချိန်စံညွှန်းရေးဆွဲရေးနည်းပညာဆပ်ကော်မတီဝင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ UMFCCI နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များ၊ MSMEs အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် အရည်အသွေးကိုက်ညီမှု စစ်ဆေးရေးဆိုင်ရာအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ (၂၀၂၃) ဖြင့် ဆောင်ရွက်သည့် အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အဦ ခိုင်မာအားကောင်း စေရေးနှင့် ထုတ်ကုန်များ၊ ထုတ်လုပ်မှုနည်းစဉ်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အမျိုးသား အရည်အသွေးထောက်ခံချက်ထုတ်ပေးရေးအဖွဲ့ အကောင်အထည်ဖော်ရေး စီမံကိန်းပြီးမြောက်ခြင်း အခမ်းအနားကို Hybrid စနစ်ဖြင့် ကျင်းပရာ အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန အမျိုးသားစံချိန်စံညွှန်းနှင့် အရည်အသွေးဌာနမှ တာဝန်ရှိသူများက အမျိုးသားအဆင့်အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အဦများ ခိုင်မာအားကောင်းစေရေးဆောင်ရွက်မှုများနှင့် အမျိုးသားအဆင့် အရည်အသွေးထောက်ခံချက်ထုတ်ပေးရေးအဖွဲ့ အကောင်အထည်ဖော်ရေး စီမံကိန်းဆောင်ရွက်ထားရှိမှုများအပေါ် ရှင်းလင်းတင်ပြခဲ့ကြသည်။ အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ First Secretary Dr. Zhang Zhonghua တက်ရောက်ကြောင်း သိရသည်။ မြဝတီ

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “**ပြည်သူ့ကြားကပြည်သူ့စကား**” အစီအစဉ်မှ “**ခိုင်လုံသောအကြောင်းအရင်းမရှိဘဲ လူနေကျေးရွာများဘက် အကြမ်းဖက်သမားတွေရဲ့ ရှော့တိုက်ဒုံးပစ်ခတ်မှုကြောင့် စာသင်သားကိုရင်များ သေဆုံးထိခိုက်ခဲ့ရ**” ခေါင်းစဉ်ဖြင့် ၁၅-၁၀-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “**မူးယစ်ဆေးဝါးနဲ့ရပ်တည်နေရတဲ့ မူးယစ်ဂိုဏ်း AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့**” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄ ̊C | / | ၃၃ ̊C |
| ရန်ကုန် | ၂၄ ̊C | / | ၃၄ ̊C |
| မန္တလေး | ၂၅ ̊C | / | ၃၅ ̊C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်တာဝတိံသာစေတီတော်နှင့် အရံစေတီတော်များ ရွှေထီးတော်တင်လှူပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၄

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ဇေယျမင်္ဂလာကျောင်းတိုက်အတွင်းရှိ ဆုတောင်းပြည့်တာဝတိံသာစေတီတော်နှင့် အရံစေတီတော်များ ရွှေထီးတော်တင်လှူပူဇော်ပွဲ၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းတွင် ဇေယျမင်္ဂလာကျောင်းတိုက်အတွင်း ပြုလုပ်ရာ မြစ်ကြီးနားမြို့၊ ခေမာသီဝံကျောင်းတိုက်ဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တစန္ဒာဝရာဘိဝံသအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဘဒ္ဒန္တစန္ဒာဝရာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် တိုင်းမှူးက စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ စေတီတော်တည်ဆောက်ရာတွင် ပါဝင်လှူဒါန်းကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး လှူဒါန်းမှုအစုစုအတွက်ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် စေတီတော်အား လှည့်လည်ပူဇော်ပြီး မင်္ဂလာအချိန်တွင် မင်္ဂလာရထားပျံဖြင့် ရွှေထီးတော်တုံအဆင့်ဆင့်အား တင်လှူပူဇော်ခြင်း၊ အရံစေတီများ ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ ရွှေထီးတော်မြတ်အား ပရိတ်နံ့သာရည်၊ ရေစင်ရေသန့်တို့ဖြင့် ပက်ဖျန်းသန့်စင်သွန်းလောင်းပူဇော်ကြသည်။ ၎င်းနောက် သံဃာတော်များက စေတီတော်ကြီးနှင့် အရံစေတီတော်များအား ဗုဒ္ဓါဘိသေကအနေကဇာတင်ကြပြီး ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ယင်းနောက် ဆရာတော်များအား ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ လောင်းလှူပူဇော်၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ဆရာတော်ထံ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး စိန်ဖူးတော်နှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ကျောက်မဲမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းများ၌ ကျောင်းအပ်နှံမှုများလက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျောက်မဲမြို့ရှိ အခြေခံပညာကျောင်း၌ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ရှိ အခြေခံပညာမူလတန်းကျောင်းတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့ရှိအမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အောက်တိုဘာလ ၈ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းတို့တွင် ကျောင်းအပ်စတင်လက်ခံခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက် အပ်နှံမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၂၅၄ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၂၇၆၀ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့်ဒေသမှ ကျောင်းသား၊ ကျောင်းသူများနည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့်ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးကြသည်။

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

၎င်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့်နေရာများတွင်မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှဆရာဝန်များ၊ သူနာပြုများပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်ဘုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၅ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# တရုတ်နိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံ ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များညှိနှိုင်းသည့်အစည်းအဝေးကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၄

နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်ချက်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်ခရီးစဉ်၊ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ခရီးစဉ်များနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အစိုးရ၊ ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘာသာရပ်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဆောင်၍ ညီနောင်အသင်းများဖြစ်သော မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာ့သဘာဝရော်ဘာရေရှည်တည်တံ့မှုဖော်ဆောင်ရေးအသင်း၊ မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ရေလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ ယွမ်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လက်ခံဆောင်ရွက်နိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေ၊ AI အပါအဝင် နည်းပညာမြှင့်တင်နိုင်ရေးအတွက် တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ရန်ကုန်မြို့နှင့်ချန်ဒူးမြို့ တိုက်ရိုက်လေကြောင်းလိုင်းနှင့် ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဖူကျန့်ပြည်နယ် ရှမန်ခရီးစဉ်တွင် ရန်ကုန်မြို့နှင့်ရှမန်မြို့ တိုက်ရိုက်လေကြောင်းလိုင်းပြေးဆွဲနိုင်ရေးနှင့်မြန်မာနိုင်ငံမှ ရေထွက်ကုန်များနှင့် ဆန်ကိုတိုးမြှင့်တင်ပို့နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ ခရီးစဉ်တွင်လည်း မြန်မာနိုင်ငံမှ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာ၊ ချုပ်ပြီး အဝတ်အထည်နှင့်ရေထွက်ပစ္စည်းများ တင်ပို့နိုင်ရေးကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးနှင့်ဆေးဝါးကဏ္ဍ၌ဆေးဝါးနှင့် ဆေးကိရိယာပစ္စည်းများအထူးသဖြင့် ကင်ဆာရောဂါ ကုသရေးဆေးဝါးများ တင်သွင်းဆောင်ရွက်ရေး၊ ဘယ်လာရုစ်နိုင်ငံထုတ် လယ်ယာသုံးစက်ကိရိယာပစ္စည်းများ အရောင်းပြခန်းဖွင့်လှစ်မိတ်ဆက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံခရီးသွားကဏ္ဍတို့အကြား Package Tour များ စီစဉ်ဆောင်ရွက်ရေး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ အချင်းချင်းချိတ်ဆက်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များဖော်ထုတ်ရေးဆွေးနွေးခဲ့ကြောင်း၊ အဆိုပါ ကဏ္ဍများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန်အတွက် ဖိတ်ကြားထားသည့် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများက ကဏ္ဍအလိုက် ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံတို့နှင့် ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်လာရေးအတွက် ဆောင်ရွက်မှုအခြေအနေများ၊ ထို့အတူ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုတိုးတက်မြင့်မားလာစေရေး ဆောင်ရွက်နေမှုအခြေအနေများ၊ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သောနိုင်ငံဖြစ်သဖြင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တရုတ်ယွမ်ငွေဖြင့် လက်ခံဆောင်ရွက်နိုင်ရေး အခြေအနေများ၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ တိုးမြှင့်စေရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည့် အခြေအနေများ၊ သွင်းကုန်အစားထိုးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖိတ်ခေါ်ဆောင်ရွက်မှုအခြေအနေများ၊ EV မော်တော်ယာဉ်တင်သွင်းထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ SKD၊ CKD စနစ်မှတစ်ဆင့် MSME လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ဘယ်လာရုစ်နိုင်ငံသို့ ဆန်၊ ရော်ဘာနှင့် ရေထွက်ပစ္စည်းများတိုးမြှင့်တင်ပို့နိုင်ရေးတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအသင်းအဖွဲ့များက ကြိုတင်ပြင်ဆင်ထားရှိရေး ကိစ္စများဆွေးနွေးခဲ့ကြောင်းနှင့် တက်ရောက်လျက်ရှိသော စီးပွားရေးအဖွဲ့အစည်းများကလည်း လိုအပ်သည်များ အကြံပြုဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် တက်ရောက်လာသည့် တာဝန်ရှိသူများက နယ်ပယ်ကဏ္ဍအလိုက် ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ဆရာဖြစ် သင်တန်းဖွင့်လှစ်



နေပြည်တော် အောက်တိုဘာ ၁၄

"ပန်းတိုင်အထွက်နှုန်းရရှိရေးအထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ဆရာဖြစ် (Training of Trainer-TOT) သင်တန်း" ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က သီးနှံအထွက်တိုးရန် နည်းပညာတစ်ခုတည်းကို အာရုံစိုက်ခြင်းထက် တောင်သူများ၏ အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတည်ငြိမ်မှုများကို ဦးစားပေးသည့် ချဉ်းကပ်မှုနည်းလမ်းဖြင့် အထွက်နှုန်းတည်ငြိမ်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်ပို့ချပေးလိုက်သည့်"ပန်းတိုင်အထွက်နှုန်းရရှိရေး အထွက်နှုန်းကွာဟချက်များကို ဆန်းစစ်လေ့လာခြင်းဆိုင်ရာ ဆရာဖြစ် (Training of Trainer-TOT) သင်တန်း"၏ ပို့ချချက်များကို စနစ်တကျလေ့လာမှတ်သားရန်နှင့် သက်ဆိုင်ရာဒေသများ၌ ပြန်လည်ဆင့်ပွားပို့ချရာတွင်လည်း ဝန်ထမ်းငယ်များကို ပြည့်ပြည့်စုံစုံ ရှင်းလင်းဆွေးနွေးပေးကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသိင်္ဂီမြင့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းတွင် တိုင်းဒေသကြီးပြည်နယ်ခုနစ်ခုရှိ စိုက်ပျိုးရေးဦးစီးဌာနအရာထမ်း၊ အမှုထမ်း ၃၃ ဦး တက်ရောက်လျက်ရှိပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခ(ဌာနမှူး)များက အောက်တိုဘာလ ၁၄ ရက်မှ ၁၅ ရက်အထိ ပို့ချဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ စပါးပန်းတိုင်အထွက်နှုန်းရရှိရေးဆောင်ရွက်ရန်အတွက် စပါးသီးနှံ၏ သုတေသနအထွက် (Experimental Yield) နှင့် တောင်သူ အမှန်အထွက် (Actual Yield) တို့အကြား ကွာဟမှုဖြစ်ပေါ်နေရသည့် အကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ဆန်းစစ်လေ့လာခြင်း(Yield Gap Analysis) ဆောင်ရွက်ရန် ဒေသအသီးသီးတွင် စစ်တမ်းကောက် ဆန်းစစ်လေ့လာကြမည့် ဝန်ထမ်းများကို ထပ်ဆင့်ပွားသင်ကြားပို့ချပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းစိုက်ပျိုးရေးသုတေသနခြံသို့ သွားရောက်ပြီး ဘယ်လာရုစ်နိုင်ငံထုတ် Belarys-451(49.8 HP)ထွန်စက်ကြီး၊ Belarys-522(62 HP) ထွန်စက်ကြီးနှင့် Belarys-820(81 HP) ထွန်စက်ကြီးများ၏ စက်စွမ်းအားပြ ထွန်ယက်ခြင်းကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများက ထွန်စက်ကြီးများ၏ အရည်အသွေးနှင့်မြန်မာ့ရေမြေတွင် လက်တွေ့အသုံးပြုနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေမြေဒေသအမျိုးမျိုးတွင် လက်တွေ့အသုံးပြုပြီး နည်းပညာပိုင်းတွေ့ရှိချက်များ ဆက်လက်လေ့လာဆောင်ရွက်ရန်နှင့်စက်၏တန်ဖိုး၊ စွမ်းဆောင်ရည်နှင့် အသုံးဝင်မှုအပေါ် တောင်သူများ၏ သဘောထားမှတ်ချက်ရယူရေး စီမံဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင်နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်အတူ နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်နေမှုနှင့် ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းသို့ သွားရောက်ပြီး ကြာကန်ပေါင်နှင့် ကန်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ လမ်းဘေးဝဲယာ၊ လမ်းလယ်ကျွန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးရာသီအလိုက် ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးသည့်အပင်များရှင်သန်ကြီးထွားအောင် စိုက်ပျိုးကြရန်၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းအဝိုင်းအနီး ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ၊ မြေထိန်းနံရံများနှင့် လမ်းဘေးပလက်ဖောင်းများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအပိုင်းလိုက် အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်၊ စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

အောင်မျိုးဝင်း(ဥတ္တရ)



# ၁၀ နှစ်ပြည့် NCA နှင့် ရင်တွင်းဆန္ဒမွန်

**နွေကုံကော်(မြို့လှ)**

**“နှစ်လုံးပြူးဆိုတာ မန်ကျည်းသီးမှည့်ခြွေဖို့ပဲ ကောင်းတယ်၊ အဲဒီတော့သူကြီး ခင်ဗျားပြန်ဗျာ၊ ဦးလေးကလည်း ခင်ဗျားတုတ်ကြီးလွှင့်ပစ်ဗျာ”**

အထက်ပါ ရန်ပွဲဖြေစကားသည်ကား ကျွန်တော် အလွန်ကြိုက်သည့် “ စိမ်းနေဦးမည့် ကျွန်တော့်မြေ” ဝတ္ထုမှ ဇာတ်ကောင်တစ်ဦးဖြစ်သော ဆရာကိုအုန်းဖေ၏ ပြောကြားချက်ပင်ဖြစ်၏။ ဝတ္ထုရေးသူက ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်။ စာရေးဆရာက သူပြောလိုသည့် စကားတို့ကို ဇာတ်ကောင်များ၏ လှုပ်ရှားမှုတို့ဖြင့် ပြောသွားခြင်းပင်။ အဆိုပါဇာတ်ဝင်ခန်းအရ လူငယ် နှစ်ဦး၏သံယောဇဉ်မေတ္တာပေါင်းစပ်မှုတွင် ရန်ငြိုးရှိသောမိဘများပါဝင်လာသည့်နောက် တုတ်ဆွဲ သေနတ်ဆွဲဖြစ်ကြသည်။ ထိုစဉ် ပေါက်ပေါက်ရောက် ရောက်ရှိသော ဆရာကိုအုန်းဖေရောက်လာကာ နှစ်လုံးပြူးသေနတ်ကိုတောင်းလျက် ခြံဝင်းထဲရှိ မန်ကျည်းပင်ပေါ်သို့ပစ်လိုက်သည်။ မန်ကျည်းသီး ရွှမ်းပြင်းများ တဖွဲဖွဲကျလာသည်။ ထို့နောက် သူ၏ဒဿန(စာရေးဆရာ၏ခံယူချက်)ဖြစ်သော **“နှစ်လုံးပြူးဆိုတာ မန်ကျည်းသီးမှည့်ခြွေဖို့ပဲ ကောင်းတယ်”**ဟူသည့် လောကအမြင်ကိုတင်ပြသည်။

ကျွန်တော်အလွန်ကြိုက်သော တင်စားချက်ပင်ဖြစ်ပါ၏။ ယခုရက်ပိုင်းအတွင်း အဆိုပါစာသားနှင့် ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏အမြင်ကို ကျွန်တော့်ဘာသာ တစ်ဦးတည်းအတွေးပွားမိသည်။ အဘယ်ကြောင့်တွေးမိသနည်းဆိုပါသော် မကြာမီ ၁၀ နှစ်ပြည့်တော့မည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့် ဆက်စပ်သောကြောင့်ဖြစ်၏။ ဘာလိုလိုဖြင့် NCA သက်တမ်းပင် ၁၀ နှစ်ပြည့်ခဲ့ပြီဖြစ်သည်။ ကလေးတစ်ဦးမွေးဖွားချိန်နှင့်တွက်ဆလျှင်ပင် ၁၀ နှစ်ဆိုသောအတိုင်းအတာသည် မိမိဘာသာသွားလာလှုပ်ရှားနိုင်၊ ဆော့ကစားနိုင်၊ မိဘများ နေရာတကာ လိုက်ကြည့်တော့ရန် မလိုသော အရွယ်တစ်ခုပင်ဖြစ်သည်။ ဆိုရလျှင် ကုန်လွန်ခဲ့သော ၁၀ နှစ်သက်တမ်းသည် နည်းလှသည်မဟုတ်။ ပင်ကိုကျန်းမာရေးသာမချူချာခဲ့လျှင် ကောင်းစွာကြီးထွား ဖွံ့ဖြိုးရှင်သန်ခွင့်ရနိုင်သည်။ နိုင်ငံတစ်ခု၏ တည်ငြိမ်အေးချမ်းရေးသည်လည်း တကယ်ဖြစ်ချင်၍ တကယ်လုပ်မည်ဆိုပါက မအေးချမ်းနိုင်ဖွယ်မရှိ။ တပ်မတော်တစ်ရပ်တည်းမှ လိုလားနေရုံမရ။ သို့သော် ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီးစအချိန်ကတည်းက နိုင်ငံရေးအားနည်းမှုများဖြစ်ခဲ့သည်။ ယခုထိတိုင် မပျောက်ကင်းနိုင်သေး။ သို့သော် လိုလျှင်ကြံဆနည်းလမ်းရသည်ကိုတော့ သတိပြုကြရမည်သာ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကာကွယ်ရေးစက္ကူဖြူစာတမ်း(၂၀၁၅)တွင် နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးမူဝါဒနှင့်ပတ်သက်၍ **“ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အိမ်နီးချင်းနိုင်ငံများကိုလည်းကောင်း၊ အခြားပြည်ပနိုင်ငံများကိုလည်းကောင်း စတင်ကျူးကျော်ရန် စတိုက်ခိုက်ခြင်းကို ဆောင်ရွက်ခြင်းမရှိခဲ့ပေ။ မြန်မာ့တပ်မတော်သည် အခြားနိုင်ငံများကို စတင်ကျူးကျော်ရန်ပြုတိုက်ခိုက်ရန် ရည်ရွယ်ချက်မရှိဘဲ အမိမြန်မာနိုင်ငံကိုကျူးကျော်တိုက်ခိုက်လာလျှင် မည်သည့်ရန်သူမျိုးကိုမဆို အပြီးတိုင်တွန်းလှန်တိုက်ခိုက်သွားမည်ဖြစ်ပြီး နိုင်ငံတော်အတွင်း၌ မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချထားခွင့်ပြုမည်မဟုတ်ပါ။ မြန်မာ့တပ်မတော်သည် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထား၍ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို အမြဲတစေထမ်းဆောင်လျက်ရှိပါသည်။”** ဟူ၍ ဖော်ပြပါရှိသည်။ ၁၉၅၃ ခုနှစ်တွင် မြန်မာနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်လာသောပြည်ပတပ်များကို အခြေချခွင့်၊ ကျူးကျော်ခွင့်မပေးဘဲ တိုက်ထုတ်ခဲ့သည့်သာဓကအခိုင်အမာရှိခဲ့ဖူးသည်။ တိုင်းပြည်ကိုလိုနီနယ်ချဲ့လက်အောက်ကျရောက်ခဲ့စဉ် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏လိုလားချက်သည် လွတ်လပ်ရေးပင်ဖြစ်ခဲ့၏။ ထို့ကြောင့်ပင် ထိုကာလက **“လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယ”**ဟု ခံယူထားလျက် လွတ်လပ်ရေးရရှိဖို့သာ အမျိုးသားရေးရည်မှန်းချက်ဖြစ်ခဲ့သည်။

လွတ်လပ်ရေးရရှိပြီးနောက် ထပ်မံပေါ်ပေါက်လာသည်က လူမျိုးရေး၊ ဘာသာရေး၊ ဝါဒရေးကွဲပြားမှုများမှ တမြည့်မြည့်လောင်ကျွမ်းလာသည့် ပြည်တွင်းရေးပဋိပက္ခများပင်ဖြစ်၏။ ထိုလောင်ကျွမ်းမှုအတွက် တရားခံမှာ နယ်ချဲ့တို့ပေးခဲ့သော (Divide and Rule)သွေးခွဲအုပ်ချုပ်မှုစနစ်ဟု ခေါင်းစဉ်တပ်ခဲ့ကြသည်။ ဤသို့ဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရသည်။ မတူညီမှုများအတွက် အဖြေရှာကြရင်း လွတ်လပ်ရေးရပြီးမကြာမီမှာပင် နိုင်ငံတော်ကို သစ္စာဖောက်သူများ၊ တပ်မတော်အပေါ် သစ္စာမဲ့သူများက လက်နက်စွဲကိုင်လျက် တောခိုသူခို၊ ပုန်ကန်သူကန်ဖြင့် သူတစ်လူငါတစ်မင်းဖြစ်ခဲ့ကြသည်။ ဘာသာရေး၊ လူမျိုးရေးခံယူချက်၊ ယုံကြည်ချက်များဖြင့် လက်နက်စွဲကိုင်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များလည်း ပေါ်ပေါက်လာခဲ့ကြသည်၊ ထိုစဉ်ကာလများမှာကတည်းကပင် တပ်မတော်အနေဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်စေလိုခြင်းအလို့ငှာ ငြိမ်းချမ်းရေးကမ်းလှမ်းချက်များပြုလုပ်ပေးခဲ့သည်။ သို့ရာတွင် သောင်းကျန်းသူတို့အနေဖြင့် ငြိမ်းချမ်းရေးကိုမျက်ကွယ်ပြုလျက် လက်နက်ကိုင်လမ်းစဉ်ကိုသာ အများစုကရွေးချယ်ခဲ့ကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ကာလများတွင်လည်း လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ရန် ဖိတ်ခေါ်ခဲ့သည်၊ တပ်မတော်၏သဘောထားနှင့်နိုင်ငံတော်၏စေတနာကို နားလည်လက်ခံလာကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများစွာ ငြိမ်းချမ်းရေးရယူခဲ့ကြသည်။ ထိုကာလများအတွင်း သေနတ်သံ၊ ဗုံးသံများ တိတ်ဆိတ်ခဲ့ကြသည်။ ယမ်းခိုးယမ်းငွေ့များ ကွယ်ပျောက်ခဲ့ကြသည်။ အပြစ်မဲ့ပြည်သူတို့ စိတ်အေးချမ်းသာစွာနေထိုင်ကာ စိုက်ကြပျိုးကြစီးပွားရှာခွင့်ရခဲ့ကြသည်။ နိုင်ငံတော်အနေဖြင့်လည်း ဆည်မြောင်းချောင်းကန်၊ လမ်းတံတား၊ တိုက်တာဆေးရုံ၊ ဘာသာ၊ သာသနာ၊ ပညာရေးအဆောက်အအုံပေါင်းများစွာကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ငြိမ်းချမ်းခြင်း၏ရလဒ်အကျိုးခံစားခွင့်များပါပေ။ ဆိုရလျှင် ထိုကာလများ၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏လက်နက်ခဲယမ်းတို့သည် မန်ကျည်းသီးပစ်ချရုံ သို့မဟုတ် တောလိုက်သားကောင်ပစ်ရန်အတွက်သာ အကောင်းဆုံးဖြစ်ခဲ့သည်။ တပ်မတော်အနေဖြင့်လည်း မလိုလားသောတိုက်ပွဲများဆင်နွှဲရခြင်းမရှိဘဲ နိုင်ငံတော်ကာကွယ်ရေးအတွက် အထောက်အကူပြုစေမည့် ပူးပေါင်းစစ်ဆင်ရေးတို့တွင်သာ လေ့ကျင့်ရေးအဖြစ် လက်နက်ခဲယမ်းတို့ကို အသုံးချခွင့်ရစေခဲ့သည်။ တိုက်ပွဲများမဖြစ်သဖြင့် မြေစာတို့လည်းမရှိခဲ့ကြပေ။

နိုင်ငံတော်တစ်ခု အထူးသဖြင့် အသိပညာ၊ အတတ်ပညာအားနည်းသော နိုင်ငံငယ်တစ်ခု အလုံးစုံဖွံ့ဖြိုးတိုးတက်လာမည်ကို အတိတ်မှသည် ယနေ့တိုင်အောင် အရင်းရှင်နိုင်ငံအများစုက မလိုလားကြပေ။ ယင်းတို့၏ တွေးတောကြံစည်မှုအောက်တွင်သာ ထိန်းကွပ်ထားလိုကြသည်။ အသိဉာဏ်ပညာပွင့်လင်းပြီး ကိုယ်ပိုင်အစွမ်းအစများတိုးပွားလာလျှင် နိုင်ငံတစ်ခုကိုထိန်းချုပ်၍ရနိုင်မည်မဟုတ်။ ထို့ကြောင့်ပင် မမြင်ရသော နိုင်ငံခြားရေးမူဝါဒများဖြင့် နိုင်ငံငယ်များကို ကြိုးကိုင်ခြယ်လှယ်နေကြသည်မှာ အတိတ်မှသည် ယနေ့တိုင်အောင်ရှိနေဆဲဖြစ်သည်။ ထိုသည်ကို ဆင်ခြင်သုံးသပ်ရမည်မှာ အမိနိုင်ငံတော်တွင် မွေးဖွားကြီးပြင်းလာကြသည့် နိုင်ငံသားတိုင်း၏တာဝန်ပင်ဖြစ်သည်။ လွန်ခဲ့သော နှစ် ၈၀ နီးပါးက အရင်းရှင်နယ်ချဲ့တို့အနေဖြင့် လွတ်လပ်ရေးနှင့်အတူ သွေးခွဲအုပ်ချုပ်မှုစနစ်ကို အသက်သွင်းခဲ့သည်မှာ မှန်သော်ငြား ဤနှစ်ပေါင်းများစွာကာလအတွင်း အမှားနှင့်အမှန်ကို ကောင်းစွာဆင်ခြင်သုံးသပ်နိုင်စွမ်းရှိရမည်က ကျွန်တော်တို့နိုင်ငံသားအားလုံး၏ ပညာနှင့်ယှဉ်သော အသိတရားပင်ဖြစ်ချေသည်။

မတူညီမှုပေါင်းများစွာသည် မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို ပုဂ္ဂိုလ်ရေးလိုလားချက်များ အပေါ်ဥပေက္ခာပြုလျက် မျက်နှာချင်းဆိုင်စုံညီ ဆွေးနွေးရမည်ဖြစ်၏။ ယနေ့အချိန်ထိတိုင်အောင် နယ်ချဲ့သွေးခွဲမှုကြောင့် စည်းလုံးမှုပြိုကွဲရသည် ဟူသောအကြောင်းပြချက်သည် ခေတ်သစ်အမြင်ဖြင့် ယုတ္တိမတန်တော့ပေ။ မိမိတို့သည် ကမ္ဘာကြည့် မရှုမြင်နိုင်ကြပါလော၊ အရှေ့အနောက်တောင်မြောက် ကွဲသော နိုင်ငံများ ပြန်လည်ပေါင်းစည်းနိုင်ခဲ့ကြလေပြီ။ ငြိမ်းချမ်းရေးရယူ၍ ပေါင်းစည်းခြင်း၏အကျိုးကျေးဇူးများကိုလည်း မြင်တွေ့ခဲ့ရပြီးဖြစ်၏။ မိမိတို့နိုင်ငံတွင် ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများအရ တပ်မတော်တစ်ရပ်တည်းသာလျှင် ငြိမ်းချမ်းရေးပန်းခင်းအတွက် မြေရှာ၊ ရေရှာ၊ မျိုးစေ့ရှာ၊ ကိုယ်တိုင်စိုက်၊ အမှိုက်သရိုက်ပေါင်းများကိုရှင်း၊ ဖြစ်ပေါ်လာမည့် ဥယျာဉ်ကြီးရေရှည်စိမ်းလန်းစေဖို့ တာဝန်ရှိသည်မဟုတ်ပေ။ အကြောင်းအမျိုးမျိုးဖြင့် လက်နက်ကိုင်ဆောင်ထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပူးပေါင်းကြဖို့လိုသည်။

ပြည်သူတစ်ရပ်လုံးကလည်း ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ခေတ်ကာလအဆက်ဆက် လိုလားတောင့်တခဲ့ကြသည်။ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် ဖြစ်ပေါ်လာသည့် အကြမ်းဖက်မှုများ၊ တစ်ကျော့ပြန်တိုက်ပွဲများ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲမသမာမှုနှင့် ထို့နောက်ပိုင်း ဖြစ်ပေါ်လာသော ပြည်တွင်းရေးအခြေအနေများသည် မရိုးသားသူများအဖို့ လက်နက်ကိုင်လမ်းစဉ်ဆီ ပြန်လည်လျှောက်လှမ်းစေရန် အခွင့်အရေးကောင်းသဖွယ်ဖြစ်လာခဲ့ကြသည်။ ထိုကာလများအတွင်း တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်များကို ကြိမ်ဖန်များစွာထုတ်ပြန်ပေးခဲ့သည်။ မကြာသေးမီကပင် “ပြည်ထောင်စုအကျိုးအတွက် ထပ်မံဖိတ်ခေါ်ချက်”ဟူသည့် ခေါင်းစဉ်ဖြင့် PDF များအပါအဝင် လက်နက်ကိုင်အုပ်စုများအား မကြာမီကျင်းပမည့် ရွေးကောက်ပွဲကြီးအပြီး၌ အားလုံးမျှော်မှန်းလျက်ရှိသည့် နိုင်ငံတော်ကြီးတည်ဆောက်နိုင်ရေးအကျိုးငှာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက ထုတ်ပြန်ကြေညာပေးခဲ့သည်။ ယနေ့အချိန်တွင် နိုင်ငံတော်အနေဖြင့် **“ငြိမ်းချမ်းရေးသည် ပထမ၊ ငြိမ်းချမ်းရေးသည် ဒုတိယ၊ ငြိမ်းချမ်းရေးသည် တတိယ”**အခြေအနေမှာရှိနေသည်ဟု ပြည်သူထဲက ပြည်သူတစ်ယောက်အနေဖြင့် ယူဆမိသည်။

**စာမျက်နှာ ၁၄ သို့ ◆**

◆ စာမျက်နှာ ၁၃ မှအဆက်

နိုင်ငံတော်၏သမိုင်းသစ်ဖြစ်သည့် ပထမဆုံးသော ဒီမိုကရေစီအစိုးရသက်တမ်းကာလတွင် တပ်မတော်နှင့်နိုင်ငံတော်အစိုးရတို့၏ မှတ်တမ်းကောင်းတစ်ရပ်အဖြစ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့နှင့် NCA ကိုလက်မှတ်ရေးထိုးနိုင်ခဲ့ကြကာ **"ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော်ဆောင်သွားရန် အပြန်အလှန်သန္နိဋ္ဌာန်ပြုကြသည်"**ဟူ၍လည်း အခိုင်အမာကတိကဝတ်ပြုခဲ့ကြသည်။ သေချာသည်ကား တပ်မတော်သည် NCA ပါ သဘောတူစာချုပ်များ စတင်အသက်ဝင်ချိန်မှစ၍ ယနေ့အထိ တိကျစွာလိုက်နာခဲ့သည်။ အဖျက်အမှောင့်များကြားကပင် ချမှတ်လက်ခံထားသော ကတိကဝတ်များ မချိုးဖောက်မိအောင် ဆင်ဆင်ခြင်ခြင်ဖြင့် ဆောင်ရွက်စရာရှိသည်များကိုဆောင်ရွက်ခဲ့သည်။ သို့သော်လည်း ၂၀၂၁ ခုနှစ် နိုင်ငံရေးအခင်းအကျင်းကို အကြောင်းပြုလျက် အချို့သော NCA လက်မှတ်ထိုးထားခဲ့သည့်အဖွဲ့များ မူလကတိကဝတ် သန္နိဋ္ဌာန်များအပေါ် ဆန့်ကျင်မှုများရှိလာကြသည်ကို တွေ့ရှိခဲ့ရသည်။ ရှိနှင့်ပြီးသား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးဖြစ်စဉ်အရ ထပ်တိုးလာသော လက်နက်ကိုင်အကြမ်းဖက်သမားများကြောင့် အသက်အိုးအိမ်စည်းစိမ်နှင့် လူမှုစီးပွားဘဝများလက်တွေ့ထိခိုက်နစ်နာရသည်က အပြစ်မဲ့တိုင်းရင်းသားပြည်သူများသာဖြစ်၏။ ထိုမှတစ်ဖန် တိုင်းရင်းသားပြည်သူများနှင့် ဖွဲ့စည်းထားသော နိုင်ငံတော်ဆီသို့ရောက်၏။ အနှစ်ချုပ်လျှင် ဆူပူအကြမ်းဖက်မှု၊ ပြည်တွင်းမတည်ငြိမ်မှုကြောင့် လူတစ်ဦးတစ်ယောက်၏ဘဝများမှသည် နောက်ဆုံးတွင် နိုင်ငံတော်အတွက်သာ ဆုံးရှုံးမှုဖြစ်ပေါ်ရခြင်းဖြစ်ပေသည်။ ထိုသို့ နိုင်ငံတော်အင်အားများ ဆုံးရှုံးရအောင် ခေတ်သစ်ကိုလိုနီအရင်းရှင်များက ရည်ရွယ်ချက်ရှိရှိ အကွက်ကျကျ ဖန်တီးနေခြင်းဖြစ်သည်ကို ပညာမဲ့လူငယ်များသာမက၊ ပညာတတ်၍ အသိတရားမဲ့နေသော လူပုဂ္ဂိုလ်များကပါ သူတစ်ပါးအလိုကျ အသုံးတော်ခံပေးနေရခြင်းဖြစ်သည်။

အမှန်ဆိုလျှင် မိမိတို့တိုင်းရင်းသားညီနောင်အချင်းချင်း ဆင်နွှဲနေရသောဒေသန္တရတိုက်ပွဲများမှ လက်နက်ခဲယမ်းများ၊ ဗုံးသီးကျည်ဆန်များသည် လမ်းတံတားတည်ဆောက်ခြင်းအတွက် လိုအပ်သော ကျောက်မိုင်းများခွဲရန်၊ မိမိကိုအန္တရာယ်ပြုလာမည့် တောကောင်များရန်မှကာကွယ်ခုခံရန်နှင့် နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးမူဝါဒအရ မမျှော်မှန်းနိုင်စွာ ကျရောက်လာနိုင်သည့် ပြည်ပကျူးကျော်သူများကို ကာကွယ်ရန်အတွက်သာ အသုံးပြုသင့်ပေသည်။ ထို့ပြင် နိုင်ငံတော်ကာကွယ်ရန်အတွက် လေ့ကျင့်ရေးနှင့် လူမှုဘဝဖွံ့ဖြိုးရေးလုပ်ငန်းခွင်များမှာသာ အကျိုးရှိစွာအသုံးပြုသင့်ပေသည်။ မိမိတို့အချင်းချင်း ဖြစ်ပေါ်နေသောမတူသောအမြင်များကို ဆွေးနွေးဖလှယ်အဖြေရှာကြရမည်ဖြစ်ပါ၏။ ထိုသို့ဆွေးနွေးကြစဉ် မသင့်လျော်သော **"လိုဘ"**များကို ရှေ့တန်းမတင်မိရန် လွန်စွာအရေးကြီးသည်။

အနှစ်ချုပ်ဆိုရပါက နိုင်ငံတော်ရှေ့ခရီးအတွက် ကောင်းခြင်းအဖြာဖြာကို သယ်ဆောင်လာသည့် NCA သည် ၁၀ နှစ်တာခရီးသို့ပင်ရောက်ရှိခဲ့ပြီဖြစ်၏။ NCA သည် အဖွဲ့အစည်းတစ်ခု၏အကျိုးစီးပွားအတွက် ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ အနာဂတ်နိုင်ငံတော်ကြီးအတွက် သင့်လျော်ကောင်းမွန်သည့် လမ်းညွှန်ချက်များကို ချမှတ်ပေးထားခြင်းဖြစ်သည်။ NCA ၏ အနှစ်သာရများကို **"မြင်အောင်ကြည့်၍ သိအောင်တွေးခေါ်"** ဖို့သာလိုပါသည်။

ယခုနှစ် ၁၀ နှစ်ပြည့်ကာလတွင် အလုပ်ရုံဆွေးနွေးပွဲများပါ ကျင်းပမည်ဟုသိရသည်။ အလုပ်ရုံဆွေးနွေးပွဲဆောင်ပုဒ်အဖြစ် **"NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကိုပုံဖော်မည်"**ဟူ၍ ချမှတ်ထားသည်ကိုလည်း မှတ်သားသိရှိရသည်။ အင်မတန်ကောင်းမွန်လှသော ဆောင်ပုဒ်ပင်ဖြစ်ပါ၏။ ချမှတ်ထားသောဆောင်ပုဒ်နှင့် ဆက်လက်ဆောင်ရွက်သွားကြမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတိုင်း အားလုံးစိတ်ဝမ်းညီစွာ ပူးပေါင်းဆောင်ရွက်နိုင်ကြပါစေကြောင်း ပြည်တွင်းတည်ငြိမ်အေးချမ်းရေးကို အထူးလိုလားလျက်ရှိသည့် ပြည်သူထဲက ပြည်သူတစ်ဦးအနေဖြင့် လှိုက်လှဲစွာဆုမွန်တောင်းဆန္ဒပြုမိပါသည်။ ။

# မိတ္ထီလာမြို့နယ် စက်မှုလယ်ယာဗဟိုသင်တန်းကျောင်း၌ လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုသင်တန်းဖွင့်



မိတ္ထီလာ အောက်တိုဘာ ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စက်မှုလယ်ယာ ဗဟိုသင်တန်းကျောင်း၌ လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရသင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် စက်မှုလယ်ယာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်ထွန်းအေးက နိုင်ငံတော်ရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သမားရိုးကျလယ်ယာစိုက်ပျိုးရေးစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်ရာမှာ ခေတ်မီနည်းပညာဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာမောင်းနှင်ပြင်ဆင် ထိန်းသိမ်းနိုင်မယ့် ပညာတတ်လူငယ်လူရွယ်စက်မှုလယ်ယာကျွမ်းကျင်လုပ်သားကောင်းများ ဒေသအလိုက် ကျယ်ကျယ်ပြန့်ပြန့် လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးနဲ့ နိုင်ငံအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ဖြင့် လယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာအာမခံချက်ရှိတဲ့အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိစေရေးတို့အတွက်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါလယ်ယာသုံးစက်ကိရိယာကျွမ်းကျင်မှုလက်မှတ်ရသင်တန်းကို သင်တန်းသား ၄၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာလ ၁၃ ရက်မှ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၅ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး ယင်းသင်တန်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုပညာရပ်များသာမက စက်ပြင်ဆင်မှုပညာရပ်များကိုပါ တစ်ပြိုင်နက် ကျွမ်းကျင်တတ်မြောက်သည်အထိ လေ့ကျင့်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ (ဖဝ၂)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ဒီပါဝလီနေ့ဖြစ်သည့်အတွက် အများပြည်သူတို့၏အလုပ်ပိတ်ရက် ဖြစ်ကြောင်း ကြေညာ

၁၃၈၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်(၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်)တနင်္လာနေ့သည် "ဒီပါဝလီနေ့"ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏အလုပ်ပိတ်ရက်ဖြစ်ကြောင်း အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉၀/၂၀၂၅ ဖြင့် ကြေညာထားပါသည်။

## ၂၀၂၅ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့

## World Food Day 2025

## "အနာဂတ်စားရေရိက္ခာဖူလုံဖို့ လက်တွဲဆောင်ရွက်ကြပါစို့"

## (Hand in Hand for Better Foods and a Better Future)

## အောက်တိုဘာလ ၁၆ ရက်နေ့

# အခြေခံပညာကဏ္ဍ သင်ကြား၊ စီမံရေးရာဝန်ထမ်းများ၏ ရာထူးတိုး၊ အပြောင်းအရွှေ့ဆိုင်ရာမူဝါဒများသုံးသပ်ခြင်းနှင့် အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးအတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

အခြေခံပညာကဏ္ဍ သင်ကြား၊ စီမံရေးရာဝန်ထမ်းများ၏ရာထူးတိုး၊ အပြောင်းအရွှေ့ဆိုင်ရာမူဝါဒများ သုံးသပ်ခြင်းနှင့် အရည်အသွေးပြည့်မီစွာတန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးအတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ တိုင်းဒေသကြီးပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အခြေခံပညာအောက်တွင်ရှိသည့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ၏ ရာထူးတိုး အပြောင်းအရွှေ့မူဝါဒများသည် ပွင့်လင်းမြင်သာမှုရှိရန်လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ ပိုမိုကောင်းမွန်သည့်မူဝါဒများ ချမှတ်နိုင်ရေးကျင်းပခြင်းဖြစ်ပြီး ရည်ရွယ်ချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းဥပဒေများနှင့်အညီ အကောင်းဆုံးသော အတိုးအပြောင်းမူဝါဒများကို ဆွေးနွေးနိုင်ကြမည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများဖြစ်သည့် KG+9 ပြီးမြောက်အောင်မြင်ရန်နှင့် တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေးတို့ကို အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေးအတွက် အထောက်အကူပြုစေရန် ယခုဆွေးနွေးပွဲတွင်အလေးအနက်ထားဆွေးနွေးပေးကြစေလိုကြောင်း၊ ရာထူးတိုးပြောင်းကိစ္စရပ်များနှင့်ပတ်သက်၍ ဗဟိုအဆင့်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်အလိုက် ဆောင်ရွက်ရာတွင် ယခုဆွေးနွေးပွဲမှ ချမှတ်လိုက်သည့် မူဝါဒများနှင့်အညီ ရာထူးတိုးအပြောင်းအရွှေ့များကိုဆောင်ရွက်ကြစေလိုကြောင်း၊ ယခုဆွေးနွေးပွဲ၏ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်စေရန်နှင့် အကောင်းဆုံးမူဝါဒများချမှတ်နိုင်ရေးနှင့် ပညာရေးကဏ္ဍအတွက်ကောင်းမွန်သည့် ရလဒ်ကောင်းများရရှိနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက်ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပိုမိုကောင်းမွန်သော မူဝါဒများချမှတ်နိုင်ရေးနှင့် တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးတို့အတွက် ဖြည့်စွက်ပြောကြားပြီး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်က အခြေခံပညာကဏ္ဍ သင်ကြား၊ စီမံရေးရာဝန်ထမ်းများ၏ ရာထူးတိုးအပြောင်းအရွှေ့ဆိုင်ရာမူဝါဒများ သုံးသပ်ခြင်းနှင့် အရည်အသွေးပြည့်မီစွာ တန်းစဉ်ကူးပြောင်းနှုန်းမြင့်မားရေးအတွက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ရှင်းလင်းတင်ပြကာ အပြောင်းအရွှေ့၊ ရာထူးတိုးလုပ်ငန်းများအတွက် အုပ်စုများခွဲ၍ ဝိုင်းဝန်းဆွေးနွေးကြကာ ဆွေးနွေးချက်များကို အုပ်စုအလိုက် အနှစ်ချုပ်တင်ပြကြသည်။

အဆိုပါဆွေးနွေးပွဲကို အောက်တိုဘာလ ၁၄ ရက်မှ ၁၅ ရက်အထိ နှစ်ရက်ကြာပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများ လုပ်ငန်းခွင်အထောက်အကူပြု မြန်မာ့ရိုးရာသိုင်းပညာသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့်ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဟိုတယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော လုံခြုံရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို ပိုမိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ လုပ်ငန်းခွင်အထောက်အကူပြု မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားသို့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာ့ရိုးရာသိုင်းသင်တန်းနည်းပြဆရာများနှင့်ဟိုတယ်များမှလုံခြုံရေးဝန်ထမ်းသင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်တိုင်းတွင် ဌာနအလိုက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ပေးထားကြောင်း၊ ထိုသို့ခွဲဝေသတ်မှတ်ရာတွင် လုံခြုံရေးဌာန၏ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းတာဝန်များရှိသလို လုံခြုံရေးဝန်ထမ်းတစ်ဦးချင်းစီ၏ တာဝန်ဝတ္တရားများနှင့် တာဝန်သတ်မှတ်ချက်များကိုလည်း သတ်မှတ်ထားရှိပေးထားကြောင်း၊ ဟိုတယ်များတွင်တာဝန်ထမ်းဆောင်နေကြသည့် လုံခြုံရေးဝန်ထမ်းများအနေဖြင့် လုံခြုံရေးအမြင် သတိရှိမှု၊ တစ်ကိုယ်ရေစွမ်းဆောင်နိုင်မှုများနှင့်ပေါင်းစပ်ပြီး တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ လုပ်ငန်းခွင်အထောက်အကူပြု မြန်မာ့ရိုးရာသိုင်းပညာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များမှ လုံခြုံရေးဝန်ထမ်းများပါဝင်တက်ရောက်ကြပြီး သင်တန်းအား ရက်သတ္တ ၄ ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းဖွင့်လှစ်ပို့ချဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဟိုတယ်များမှတာဝန်ရှိသူများက ခရီးသွားရာသီအမီ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနားကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မှုများကိုကြည့်ရှုအားပေးစဉ်။











ဘယ်လာရုစ်နိုင်ငံမှအနုပညာရှင်များ၊သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှအနုပညာရှင်ဝန်ထမ်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်ဝန်ထမ်းများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ ဝန်ထမ်းများက တေးသီချင်းများဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေတင်ဆက်ကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

မြန်မာ-ရုရှား-ဘယ်လာရုစ် (၃) နိုင်ငံ ပူးပေါင်းဖျော်ဖြေတင်ဆက်မှုအခမ်းအနား အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ Naypyitaw State Polytechnic University ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေး နှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက် ချီးမြှင့်သည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင် အဖွဲ့ဝင်အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့ အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Evgeny Grigoryev၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Iskander AZIZOV၊ မြန်မာ-ရုရှားချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovskiy၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် **“ယဉ်ကျေးမှုဖလှယ်မှုမှသည် ချစ်ကြည်ရင်းနှီးမှုများဆီသို့”** Video Clip ကိုကြည့်ရှုကြသည်။

ထို့နောက် ရုရှား-မြန်မာချစ်ကြည်ရေးအသင်းမှ ဒုတိယဥက္ကဋ္ဌက မိတ်ဆက်စကားပြောကြားပြီး ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေမည့်အနုပညာရှင်များနှင့်မိတ်ဆက်ပေးသည်။

ယင်းနောက် ဖျော်ဖြေရေးအစီအစဉ်အား စတင်ကျင်းပရာ ဘယ်လာရုစ်နိုင်ငံမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်ဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်ဝန်ထမ်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်ဝန်ထမ်းများနှင့် မြန်မာနိုင်ငံဆိုင်ရာရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှဝန်ထမ်းများက “ရုရှားနှင့်ဘယ်လာရုစ်-သွေးရင်းအစ်ကို ညီရင်းနှမ (Two Rus’s– Belarus and Russia, Two Sisters)”တေးသီချင်း၊ “ခေါင်းလောင်းသံ(Bells)” တေးသီချင်း၊ “နန်းသိင်္ဂီ”နန်းတွင်းယိမ်းအက၊ "The River Flows"တေးသီချင်း၊ “ဘော်ဒကာတစ်ခွက်နဲ့ နှုတ်ဆက်မယ်” တေးသီချင်း၊ “ပန်းပုသူဇာ” တေးသီချင်း၊ “မျက်ဝန်း(My eyes)”တေးသီချင်း၊ “လယ်ဘယ်ဒူးရှ်ကာ (Lebedushka)” အက၊ “မနောကြည်ချိုမြ ပြောစည်တိုအက” ၊ “ကျူးလစ်ပန်း(Tulips)” တေးသီချင်း၊ “ဒို့ရွာနီ (Red Sloboda)” တေးသီချင်း၊ “မြိုင်ဆိုင်မြူးကြွမင်းသားအက”၊ “သြော်တံစဉ် ကျွန်တော်တံစဉ် (Oh, My Scythe)” တေးသီချင်း၊ “ကာလင်ကာ(Kalinka)” အက၊ "Belarus and Myanmar" တေးသီချင်း၊ “မြန်မာ”တေးသီချင်း၊ “သင်္ကြန်”တေးသီချင်း၊ "Kupalinka" တေးသီချင်း၊ "St. Petersburg and Myanmar"တေးသီချင်း၊ “ပုဂံ” တေးသီချင်း၊ “အတူရှိမယ်မြန်မာ(We are With You Myanmar)” တေးသီချင်း၊ “မြန်မာဟေ့” တေးသီချင်း၊ “ကာကျူးရှာ(Katush)” တေးသီချင်း၊ “အမိမြေ(Matushka Zemnya Mother Land)” တေးသီချင်း၊ "Love Me"တေးသီချင်း၊ “ပန်းရောင်စုံ (All the Flowers)” တေးသီချင်းနှင့် “တောင်းဆုခြွေ ( I want to wish)”တေးသီချင်းတို့ဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက သီဆိုဖျော်ဖြေခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ယင်းနောက် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌနှင့် ဘယ်လာရုစ်တေးဂီတအဖွဲ့ခေါင်းဆောင်တို့က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

၎င်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်အစိုးရအဖွဲ့ဝင်၊ စိန့်ပီတာစဘတ်ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖျော်ဖြေရေးအဖွဲ့များနှင့်တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီဆိုဖျော်ဖြေခဲ့ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဒုတိယဥက္ကဋ္ဌနှင့် ဘယ်လာရုစ် တေးဂီတအဖွဲ့ခေါင်းဆောင်တို့က ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဖျော်ဖြေရေး အဖွဲ့များနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives delegation led by member of the Government of Saint Petersburg and Chairman of the Committee for External Relations of the Government of Saint Petersburg, Russian Federation



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of theRepublic of the Union of Myanmar, Senior General Min Aung Hlaing receives a delegation led by Mr. Evgeny Grigoryev, member of the Government of Saint Petersburg and Chairman of the Committee for External Relations of the Government of Saint Petersburg.

NAY PYI TAW October 14

A delegation led by Mr Evgeny Grigoryev, member of the Government of Saint Petersburg and Chairman of the Committee for External Relations of the Government of Saint Petersburg, Russian Federation, paid a courtesy call on Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing at Tatmadaw Guesthouse in Nay Pyi Taw this afternoon.

Also present at the call together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo, Union Minister for Health Dr Thet Khaing Win, Deputy Minister for Foreign Affairs U Ko Ko Kyaw and officials. The member of the Government of Saint Petersburg and Chairman of the Committee for External Relations of the Government of Saint Petersburg was accompanied by Ambassador of Russian Federation to Myanmar H.E. Mr. Iskander AZIZOV and members of the delegation.

At the call, views on the improving friendship and cooperation between Myanmar and Russia and action for their further improvement, and programs for extending cooperation in multi-sectors including economic, health, technology, cultural, tourism, youth and construction sectors were cordially exchanged.

After the call, Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing and the member of the Government of Saint Petersburg and Chairman of the Committee for External Relations of the Government of Saint Petersburg exchanged commemorative gifts.

100

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing enjoys Myanmar-Russia-Belarus Trilateral Entertainment



Myanmar-Russia-Belarus Concert in progress.

TAW October 14

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing attended the Myanmar-Russia-Belarus Trilateral Entertainment at the Naypyitaw State Polytechnic University in Nay Pyi Taw this evening.

The entertainment was also joined by Commission Member and Prime Minister U Nyo Saw, Commission Member and Executive Chief U Aung Lin Dway, Commission members, Union ministers, Union-level dignitaries, the Nay Pyi Taw Council

See Page - 19►►

►► From Page - 18

Chairman, senior military officers from the Office of the Commander-in-Chief, the commander of Nay Pyi Taw Command, deputy ministers, Mr. Evgeny Grigoryev, Member of the Government of Saint Petersburg and Chairman of the Committee for External Relations of the Government of Saint Petersburg, Vice Chair of Russia-Myanmar Friendship Association Mr. Alexander Ostrovskiy, officials from the Russian Embassy to Myanmar, entertainment troupes from Russia and Belarus, staff members from ministries, and guests.

First, the Acting President and SSPC Chairman of the Republic of the Union of Myanmar and attendees watched a video clip **"From cultural exchange to the Friendship"**.




Mr. Evgeny Grigoryev, Chairman of the Committee for External Relations of the Government of Saint Petersburg, presents flower basket to Myanmar performing arts troupe.

The Vice Chair of the Russia-Myanmar Friendship Association gave an introductory speech and introduced artistes from Belarus who will perform entertainments.

At the entertainment programmes, artistes from Belarus, the Fine Arts Department from the Ministry of Religious Affairs and Culture, the Myanma Radio and Television from the Ministry of Information and the Myawady Entertainment Troupe under the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) and staff from the Embassy of the Russian Federation to Myanmar presented the songs "Two Rus's- Belarus and Russia, Two Sisters" and "Bells", the royal choral dance under the title of "Nantheingi", the songs "The River Flows" "Will say good bye with a cup of vodka", "Papu Thuza" and "My eyes", the dancing performance with the title of "Lebedushka" and the drum-playing dance, the songs "Tulips" and "Red Sloboda", the active performance of a male dancer, the song "Oh, My Scythe", the Kalinka dance, the songs "Belarus and Myanmar", "Myanmar", "Thingyan", "Kupalinka", "St. Petersburg and Myanmar", "Bagan", "We are With You Myanmar", "Myanmar Hay", "Katush", "Matushka Zemnya Mother Land", "Love me", "All the Flowers", and "I want to wish" with performances.

The Acting President and SSPC Chairman of the Republic of the Union of Myanmar presented the flower basket to the entertainment troupes from the Russian Federation and the Republic of Belarus.

The Vice Chair of the Russia-Myanmar Friendship Association and the leader of the Belarusian Band presented gifts to the Acting President and SSPC Chairman of the Republic of the Union of Myanmar.

The Member of the Government of Saint Petersburg and Chairman of the Committee for External Relations of the Government of Saint Petersburg presented the flower basket to entertainment troupes from Myanmar.

After the ceremony, the Acting President and SSPC Chairman of the Republic of the Union of Myanmar cordially greeted the attendees. **100**

# Kawlin Township plans to grow more than 6,000 acres of vegetables this year

KAWLIN October 14

Statistics of Kawlin District Agriculture Department mentioned that local authorities have set plans to grow 6,152 acres of vegetables as cold season crops in Kawlin District of Sagaing Region.

In the 2025-2026 winter crop season, local authorities earmarked cultivation of 1,705 acres of vegetables in Kawlin Township, 3,145 acres in Wuntho Township, and 1,302 acres in Pinlebu Township, totalling 6,152 acres.

"In this year's winter crop season, more than 6,000 acres of vegetables are planned for cultivation in Kawlin District. Efforts will be made to fully meet the planned acreage. The crops include roselle, chili, onion, potato, cauliflower, eggplant, and cabbage. Farmers are being provided with technical support to cultivate all vegetables under the GAP (Good Agricultural Practices) system. They are also being guided to grow vegetables with minimal chemical residues and in ways that are safe for health," said U Win Thein, Head of the Department of Agriculture in Kawlin District.

It is learned that this year in Kawlin District, the respective township Departments of Agriculture are providing training courses for farmers to grow vegetables under the GAP system, along with technical guidance to ensure that vegetables from the fields are safe and healthy. Assistance is also being given for farmers to expand vegetable cultivation.

In Kawlin District, seasonal vegetables are grown every year, and it is reported that the vegetables being cultivated have been thriving successfully, providing income for families. The township departments of agriculture are giving awareness to vegetable farmers on correct cultivation methods, pest-free practices, and the use of natural fertilizers, organic pesticides, and biopesticides. **SMK**

# Taze Township grows over 36,000 acres of rainfed paddy this year

TAZE October 14

According to YeU District Agriculture Department of Sagaing Region, local farmers have planted 36,819 acres of rainfed paddy in Taze Township this year.

Local authorities earmarked cultivation of 93,347 acres of rainfed paddy in the township in 2025-2026 monsoon season cultivation period but farmers have so far planted 36,819 acres of crops against the target cultivation.

"This monsoon crop season, over 90,000 acres of rainfed paddy are planned for cultivation in Taze Township. So far, more than 36,000 acres have already been cultivated. Efforts are being made to meet the target acreage. For rainfed paddy cultivation, we will provide the necessary technologies and quality seeds. We are also conducting field visits to help farmers grow monsoon paddy on time," said U Zaw Myint Tun, Head of the Department of Agriculture in YeU District.

It is learned that during this year's monsoon crop season, the relevant Township Department of Agriculture, in cooperation with local farmers, is working to ensure systematic and smooth cultivation of rainfed paddy without difficulties.

In Taze Township, farmers cultivating rainfed paddy are being provided with agricultural techniques, awareness programs for pest prevention, and guidance to minimize crop damage and losses, as well as timely post-harvest storage of paddy under cover.

This year, to ensure success and good yields in the cultivated rainfed paddy fields in Taze Township, the Township Department of Agriculture and its staff are conducting field activities, including the use of quality and pure seeds, pest control, weeding and thinning, removal of mixed varieties, and systematic use of fertilizers.

**SK**

# South Korea to hide bomb shelter under public gym

SEOUL October 14

South Korean authorities are planning to build the country's first civilian nuclear bunker beneath a public gym, The Korea Herald reported on Monday. The facility will reportedly be located under a large apartment complex in the capital city of Seoul.

City officials claim the increasing threat of North Korean military aggression has necessitated the project, according to the news outlet. The ongoing Ukraine conflict was also reportedly mentioned as a factor contributing to concerns about future scenarios.

The bomb shelter, which is expected to span more than 2,100 square meters and hold up to 1,020 people, will be constructed on the third basement level of a new residential complex scheduled for completion in 2028, which will reportedly include 16 high-rise buildings and over 1,200 residential units.

The site will be built on the former location of the Seongdong Detention Center in Garak-dong, the news outlet noted.

The bunker will reportedly feature air ventilation, clean water storage, and waste systems designed to support life for two weeks in the event of a nuclear, chemical or biological attack. When not needed for emergencies, it will operate as a public fitness center.

"Because modern threats are different from those in the past, we're launching this project to expand the role of civil defense shelters," an unnamed city official told The Korea Herald.

"We hope it will mark a new step toward better protecting citizens and improving Seoul's security system."

The announcement comes as tensions between the two Koreas have remained high following a sharp downturn in relations under the previous administration in Seoul.

Despite recent signs of thawing relations, including the mutual silencing of border loudspeakers, South Korea continues to uphold a strong defensive stance toward the North.

Last year, South Korea responded to North Korea's launch of trash-filled balloons by increasing its military readiness. The action came amid growing frustration in Pyongyang over anti-regime leaflets sent by defectors. At the same time, Seoul intensified joint military exercises with the US, which the North denounced as rehearsals for invasion. In response, Pyongyang carried out multiple missile tests.

**RT**

# 16 dead in blaze at Bangladeshi chemical warehouse, garment factory

DHAKA October 14

At least 16 people were killed after a devastating fire tore through a garment factory and a chemical warehouse in the Bangladeshi capital of Dhaka.

The two buildings are located side by side in front of Bangladesh University of Business and Technology, according to local media reports.

"12 bodies were brought to the Dhaka Medical College Hospital and the National Institute of Burn and Plastic Surgery in Dhaka," Talha Bin Jashim, officer-in-charge of the media cell of the Fire Service headquarters in Dhaka, told Xinhua.

At least 12 firefighting units rushed to the spot to douse the fire at around 11:40 a.m. Tuesday.

According to the official, the blaze in the seven-story garment factory started on the third floor and has been largely extinguished.

However, he said firefighters were still working to fully contain the fire at the chemical warehouse, which stored hazardous materials, including bleaching powder, plastic, and hydrogen peroxide.

The death toll in the blaze is likely to rise, warned another fire official, who did not want to be named.



The cause of the fire has not been ascertained, as the security officials have yet to comment on the incident.

**Xinhua**

# Gaza reconstruction to require financing in amount of US$-70Bln

GENEVA October 14

The reconstruction of the Gaza Strip will require financing in the amount of US$-70 billion, Special Representative for the United Nations Development Programme (UNDP) Program of Assistance to the Palestinian People Jaco Cilliers said on Tuesday.

The UNDP cannot give an approximate timeline for the reconstruction of the Gaza Strip, which will depend on the amount of funding received, but noted that it could take "decades," Cilliers told a briefing in Geneva.

According to the UNDP estimate, at least 50 million tons of rubble must be dismantled in Gaza, and bodies of dead Palestinians could be found under the debris, the official added.

Meanwhile, International Committee of the Red Cross (ICRC) spokesman Christian Cardon said that the Gaza Strip is still not receiving enough humanitarian aid, as not all crossings are open yet.

During a briefing, the spokesman said that only a few trucks carrying humanitarian aid can enter Gaza, noting that that aid has not yet increased to the necessary 600 trucks. The problem is security on the way into Gaza and the fact that not all crossings are open yet, Cardon added.

**Sputnik**

# Northern Italy explosion leaves 3 officers dead, 15 injured



ROME October 14

Three officers of Italy's carabinieri were killed and 15 others injured in a gas explosion in the country's north early Tuesday, local media reported.

The blast occurred during an eviction operation involving police and firefighters, after three siblings filled the farmhouse with gas to resist the eviction following its foreclosure over long-standing debts, Ansa News Agency reported.

The victims were members of the special militarized team dispatched for the evacuation. Emergency crews were on site when the explosion occurred, resulting in multiple casualties, including military personnel, police officers and firefighters, local officials confirmed.

"A terrible toll," said Interior Minister Matteo Piantedosi in a national television interview, while Prime Minister Giorgia Meloni paid tribute to the "valor and daily sacrifice of those who serve the State and its citizens."

Investigations into the cause and responsibility for the explosion are ongoing. The tragedy has sparked national mourning and calls for improved safety measures during high-risk operations.

**Xinhua**

# 340-carat diamond mined in Russia's Arkhangelsk region

MOSCOW October 14

A high-quality diamond weighing 340 carats has been mined at a deposit in Russia's Arkhangelsk region, Governor Alexander Tsybulsky said Monday.

The diamond is one of the five largest diamonds unearthed in modern Russia and the biggest ever found during the industrial development of the local V. Grib deposit, Tsybulsky said.

According to the governor, the gem stands out not only for its exceptional size but also for its quality and market value. "Such crystals account for no more than 2 percent of all natural diamonds," he noted.

The V. Grib deposit is developed by AGD Diamonds, a Russian diamond mining company. Russia is the world's largest diamond producer by volume, while the Arkhangelsk region is a key diamond mining area in the country.

**Xinhua**

# Delegation led by Special Envoy for Asian Affairs of Chinese Foreign Ministry pays courtesy call on Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing

NAY PYI TAW October 14

This afternoon, a delegation led by H.E. Mr. Deng Xijiun, Special Envoy for Asian Affairs of the Ministry of Foreign Affairs of the People's Republic of China, paid a courtesy call on Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing at the Tatmadaw Guest House in Nay Pyi Taw.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives H.E. Mr. Deng Xijiun, Special Envoy of the Asian Affairs.

Accompanying the Senior General at the meeting were Commission Secretary Joint Executive Chief General Ye Win Oo, Commission member Union Minister for Border Affairs Lt-Gen Yar Pyae, and Lt-Gen Ko Ko Oo from the Office of the Commander-in-Chief (Army). The Special Envoy for Asian Affairs was accompanied by members of his delegation.



Senior General Min Aung Hlaing explains the functions of MEVM to H.E. Mr. Deng Xijiun.

During the meeting, they cordially and openly exchanged views on a wide range of matters. The discussions covered the arrangements for the upcoming 10th Anniversary Ceremony of the Nationwide Ceasefire Agreement (NCA) and the historical participation of international witnesses, including China, during the NCA's signing. The talks also addressed China's valued assistance for Myanmar's internal peace and development, alongside its respect for Myanmar's sovereignty. Both sides noted the existing friendship and comprehensive strategic cooperative relations between the two nations, emphasizing their bond as good neighbours who share weal and woe. Further discussions focused on the ongoing preparations for holding a free and fair general election in Myanmar in December, with the Chinese side expressing its support for the process. The arrangements for using Myanmar Electronic Voting Machines (MEVMs) to ensure a free and fair election were explained, along with plans to invite international election observer teams, including from China. They also discussed matters related to cooperation for stability and peace in the border regions and reaffirmed their commitment to continuing enhancing the friendship and cooperation between Myanmar and China.


After the meeting, the Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar showed the Special Envoy for Asian Affairs the Myanmar Electronic Voting Machines (MEVMs) intended for use in the upcoming election. Officials from the Union Election Commission demonstrated the step-by-step functioning of the voting machines and provided answers to the Special Envoy's inquiries.

**100**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အလွန်ပြုပြင်ထားတဲ့ အစားအစာများက ဆေးလိပ်ကဲ့သို့ပင် အန္တရာယ်များ



အလွန်အကျွံပြုပြင်ထားတဲ့ အစားအစာများကို အလွန်အကျွံစားသုံးသူတွေအနေနဲ့ နှလုံးရောဂါနဲ့ကင်ဆာရောဂါတို့ကိုဖြစ်ပွားစေတဲ့ ရောင်ရမ်းမှုပမာဏအလွန်အမင်းမြင့်မားနိုင်တယ်ဆိုတာကို သုတေသနတစ်ခုကဖော်ပြထားပါတယ်။ ဒါကြောင့် အဲဒီလိုမျိုးအစားအစာတွေကို စားသုံးခြင်းကဆေးလိပ်သောက်သူများမှာဖြစ်ပွားလေ့ရှိတဲ့ ရေရှည်ကျန်းမာရေးဆိုးကျိုးနဲ့အတူတူပဲရှိတယ်လို့ ပညာရှင်များကပြောထားပါတယ်။

အလွန်အကျွံပြုပြင်ထားတဲ့ အစားအစာများဆိုတာက ယနေ့ခေတ်မှာပမာဏများပြားစွာထုတ်လုပ်နေတဲ့အပြင် လူအများအပြားကလည်း မဆင်မခြင်စားသုံးလေ့ရှိတဲ့ ဆိုဒါများ၊ အသင့်ထုပ်ပိုးထားတဲ့သရေစာများနဲ့ အသင့်စားအသားများဖြစ်နေပါတယ်။ အဲဒီအစားအစာတွေမှာ တာရှည်ခံပစ္စည်းများထည့်ထားတဲ့အပြင် အရေးကြီးတဲ့အာဟာရဓာတ်တွေလည်း ပါဝင်ခြင်းမရှိပါဘူး။ ဒါကြောင့် ဖလော်ရီဒါအတ္တလန္တိတ်တက္ကသိုလ်မှ သုတေသနပညာရှင်များကလေ့လာမှုများလုပ်ရာ အလွန်အကျွံပြုပြင်ထားတဲ့အစားအစာစားသုံးမှုနဲ့ ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုတို့ကြား ကြီးမားတဲ့ဆက်စပ်မှုရှိနေတယ်ဆိုတာကို တွေ့ရှိလိုက်ရတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# Nvidia ကရောင်းချပေးသွားတော့မယ့် ကမ္ဘာ့အသေးဆုံး AI ကွန်ပျူတာ

Nvidia ကုမ္ပဏီက ကမ္ဘာ့အသေးဆုံးလို့ဆိုရလောက်တဲ့ စွမ်းဆောင်ရည်မြင့်ကွန်ပျူတာတစ်မျိုးကို ထုတ်လုပ်လိုက်ပါပြီ။ ဒီကွန်ပျူတာကိုလက်ဝယ်ပိုင်ဆိုင်နိုင်စေဖို့အတွက် လိုချင်သူများကအချိန်ကြာမြင့်စွာ ကြိုတင်အမှာစာတွေကိုတင်ထားခဲ့တာပါ။

DGX Spark လို့အမည်ပေးထားတဲ့ အဲဒီကွန်ပျူတာက အလေးချိန်အားဖြင့် ၂ ဒသမ ၆ ပေါင်သာရှိတဲ့အတွက် ကျစ်လျစ်မှုရှိတဲ့ကွန်ပျူတာတစ်လုံးအဖြစ် မြင်တွေ့ရပါတယ်။ ဒါပေမဲ့ သူကသာမန်အသုံးပြုသူတွေရဲ့ နေ့စဉ်သုံးအတွက်မဟုတ်ပါဘူး။ နည်းပညာအသစ်ကိုလေ့လာဖော်ထုတ်လိုသူတွေ၊ သုတေသနလုပ်ငန်းလုပ်နေတဲ့ သိပ္ပံပညာရှင်တွေ၊ အဆင့်မြင့်စံပြုပုံစံတွေကိုအသုံးပြုရမယ့် ကျောင်းသားတွေ အစရှိသူတို့အတွက်သာဖြစ်ပါတယ်။ ဒါကြောင့် လက်တစ်ဝါးစာသာရှိတဲ့ ဒီကွန်ပျူတာကဒေတာစင်တာတစ်လုံးကဲ့သို့ စွမ်းဆောင်နိုင်တယ်လို့ Nvidia ကထုတ်ပြန်ထားပါတယ်။

ဒီကွန်ပျူတာအတွက် အဓိကအသုံးပြုပေးထားတဲ့ချစ်ပြားက တစ်စက္ကန့်ကိုလုပ်ငန်းပေါင်း ထရီလီယံ ၁၀၀၀ အထိလုပ်နိုင်တဲ့ GB10 Grace Blackwell Superchip ဖြစ်ပါတယ်။ DGX Spark အတွက် မမ်မိုရီပိုင်းကိုတော့ 128GB ရှိ LPDDR5x ကိုသုံးထားတာဖြစ်ပြီး အချက်အလက်သိုလှောင်မှုအတွက် 4TB ရှိ NVMe ကိုအသုံးပြုပေးထားတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**



# အားအပြည့်သွင်းပြီး ၁၂၅ မိုင်အထိခရီးပေါက်မယ့် VT35 လျှပ်စစ်စွမ်းအင်သုံးလေယာဉ်



တရုတ်နိုင်ငံမှာရှိတဲ့ E Hang Holdings ကုမ္ပဏီက ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်ပြီး ခရီးဝေးသွားနိုင်မယ့် လျှပ်စစ်စွမ်းအင်သုံးလေယာဉ်တစ်စင်းကို ထုတ်ဖော်ပြသလိုက်ပါတယ်။ ဒီလေယာဉ်ကိုထုတ်ဖော်ပြသနိုင်ခြင်းဟာ ကုမ္ပဏီရဲ့မျှော်မှန်းချက်ဖြစ်တဲ့ အလိုအလျောက်စနစ်အသုံးပြု မြို့ချင်းဆက်လေကြောင်းခရီးသွားလာမှုအတွက် ကြီးမားတဲ့ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။

VT35 လို့အမည်ပေးထားတဲ့ အဲဒီလေယာဉ်က ခရီးသည်နှစ်ဦးအတွက် ထိုင်ခုံနှစ်လုံးပဲပါပါတယ်။ မောင်းပေးမယ့်သူမပါပါဘူး။ ဘာကြောင့်လဲဆိုရင် ဒီလေယာဉ်က မောင်းသူမဲ့လေယာဉ်ဖြစ်နေလို့ပါ။ ဒါ့အပြင် လေယာဉ်ပြေးလမ်းလည်းမလိုပါဘူး။ ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်လို့ပါ။ လျှပ်စစ်စွမ်းအင်သုံးထားတဲ့အတွက် အားသွင်းပေးဖို့တော့လိုပါမယ်။ ဒါပေမဲ့ တစ်ကြိမ်အားသွင်းထားရင် ခရီးမိုင်ပေါင်း ၁၂၅ မိုင်အထိသွားနိုင်ပြီး အမြင့်ဆုံးအမြန်နှုန်းအနေနဲ့ တစ်နာရီကို ၁၃၄ မိုင်နှုန်းနဲ့ ပျံသန်းနိုင်မှာဖြစ်ပါတယ်။ လေယာဉ်ရဲ့အလျားနဲ့တောင်ပံအလျားတို့က ၈ မီတာဝန်းကျင်စီရှိပြီး အလေးချိန်ကီလိုဂရမ် ၉၅၀ ကိုတင်ဆောင်နိုင်ပါတယ်။ **Ref: IE**

**ကိုထက်**

# မြင်ကွင်းအလွန်ပစ်မှတ်များကိုပင် တိုက်ခိုက်လာနိုင်တော့မယ့် တရုတ်ရဲ့ ပင်မတိုက်ပွဲဝင်တင့်များ





တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က သူတို့ရဲ့ခြေလျင်တပ်ဖွဲ့တိုက်စွမ်းအားကို နောက်တစ်ဆင့်တိုးမြှင့်နိုင်ဖို့လုပ်ဆောင်နေပါတယ်။ အရင်တုန်းကဆိုရင် ပင်မတိုက်ပွဲဝင်တင့်တွေဟာ စစ်မြေပြင်မှာအနီးကပ်တိုက်ခိုက်မှုများအတွက် အဓိကတိုက်စွမ်းအားများဖြစ်ပါတယ်။ အခုဆိုရင် အဲဒီတင့်တွေကကိုယ့်မျက်စိနဲ့မမြင်နိုင်တဲ့ မြင်ကွင်းအလွန်ပစ်မှတ်များကိုပင် ထိရောက်မှုရှိစွာတိုက်ခိုက်လာနိုင်တော့မှာဖြစ်ပါတယ်။

စစ်လက်နက်ပစ္စည်းဆိုင်ရာပညာရှင်များက အဆင့်မြင့်အာရုံခံကိရိယာများ၊ ဉာဏ်ရည်တုနည်းပညာနဲ့ ကွန်ရက်ချိတ်ဆက်မှုရှိတဲ့ စစ်ဆင်ရေးစွမ်းပကားများကိုပေါင်းစပ်အသုံးပြုခြင်းအားဖြင့် စစ်မြေပြင်ပြောင်းလဲခြင်းလို့ခေါ်တဲ့ နည်းပညာများကို သူတို့ရဲ့ပင်မတိုက်ပွဲဝင်တင့်တွေမှာ တပ်ဆင်ပေးသွားမှာဖြစ်ပါတယ်။ အဓိကအားဖြင့် မျိုးဆက်သစ်တင့်တွေမှာ ဒီနည်းပညာကိုတပ်ဆင်ပေးသွားမှာပါ။ ဒီလိုမျိုးတပ်ဆင်ပေးနိုင်ခြင်းကြောင့် တရုတ်နိုင်ငံသည်လည်း တာဝေးပစ်မြေပြင်တိုက်ပွဲကိုဆင်နွှဲနိုင်စွမ်းရှိမယ့် နိုင်ငံအနည်းငယ်တွေထဲမှာ ပါဝင်လာပါပြီ။ **Ref: IE**

**ကိုထက်**

# ကမ္ဘာ့ပထမဆုံး ဒေါင်လိုက်ရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံ စတင်အသက်ဝင်လာ



ဂျာမနီနိုင်ငံရှိ ကမ္ဘာ့ပထမဆုံးဖြစ်တဲ့ ဒေါင်လိုက်ရေပေါ်ဆိုလာဓာတ်အားပေးစက်ရုံက အခုဆိုရင်စတင်အသက်ဝင်လာပါပြီ။ သူ့ကို စတန်းဘာ့ခရိုင်ရှိရေကန်တစ်ခုမှာ တည်ဆောက်ထားတာပါ။ သူ့ဆီက နေထုတ်လုပ်ပေးနိုင်တဲ့ လျှပ်စစ်ဓာတ်အားပမာဏက ၁ ဒသမ ၈၇ မဂ္ဂါဝပ်ရှိပါတယ်။ နှစ်စဉ်ထုတ်လုပ်ပေးနိုင်မှုပမာဏကတော့ ၂ ဂစ်ဂါဝပ်နာရီအထိရှိမယ်လို့ဆိုပါတယ်။

အခုလုပ်ငန်းက ရှေ့ပြေးတီထွင်ဖန်တီးမှုဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးတစ်ခုလုံးက ရေကန်ရဲ့ရေမျက်နှာပြင် ၄ ဒသမ ၆၅ ရာခိုင်နှုန်းကိုသာ ရယူအသုံးပြုထားတာဖြစ်ပေမယ့် သူ့ဆီကနေထွက်ရှိတဲ့လျှပ်စစ်ဓာတ်အားကိုတော့ နေအိမ်ရာပေါင်းများစွာက ရယူအသုံးပြုနိုင်ပါတယ်။

အခုအသုံးပြုထားတဲ့ ဆိုလာပြားတွေက သမားရိုးကျပုံစံမဟုတ်ဘဲ ဒေါင်လိုက်တပ်ထားတာဖြစ်ပါတယ်။ တပ်ထားတဲ့ပုံစံက အရှေ့လှည့်နဲ့အနောက်လှည့်ပုံစံဖြစ်ပြီး ဆိုလာပြားတစ်ချပ်နဲ့တစ်ချပ်ကို ၁၃ ပေခြားထားတာကြောင့် အလင်းပြန်မှုကိုကောင်းစွာဖြစ်ပေါ်စေရုံသာမကဘဲ လေဝင်လေထွက်ကိုလည်း ကောင်းမွန်စေပါတယ်။ အထူးသဖြင့် သမားရိုးကျပုံစံနဲ့ဆိုလာပြားများထက် နေရောင်ခြည်ကိုပိုမိုရယူနိုင်တာကြောင့် လျှပ်စစ်ဓာတ်အားကိုပိုမိုထုတ်လုပ်ပေးနိုင်ပါတယ်။ **Ref: IE**

**ကိုထက်**

# ထိုင်း-ကမ္ဘောဒီးယား ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ထိုးပွဲသို့ ဒေါ်နယ်ထရမ့် တက်မည်ဟုဆို

ကွာလာလမ်ပူ၊ နိုင်ငံရေး

မကြာမီမလေးရှားနိုင်ငံ၌ကျင်းပမည့် အာဆီယံထိပ်သီးညီလာခံတွင် ဆောင်ရွက်ရန်စီစဉ်ထားသော ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့ကြား ငြိမ်းချမ်းရေးသဘောတူညီချက်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တက်ရောက်မည်ဖြစ်ကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီးက အောက်တိုဘာလ ၁၄ ရက်တွင်ပြောသည်။

ဒေါ်နယ်ထရမ့်သည် မလေးရှားနိုင်ငံသို့ အောက်တိုဘာလ ၂၆ ရက်မှ ၂၈ ရက်အထိ လာရောက်မည်ဖြစ်ပြီး အာဆီယံထိပ်သီးညီလာခံသို့တက်မည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ထိုင်းနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံတို့က ဇူလိုင်လတွင် ဆယ်စုနှစ်များစွာအတွင်း လူသေဆုံးမှုများပြားသော အပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပွားရာ လူ ၄၀ ကျော်သေဆုံးပြီး ၃ သိန်းကျော် နေရပ်စွန့်ခွာရသည်။ ထို့နောက် အပြန်အလှန်တိုက်ခိုက်မှုများဖြစ်ပွားပြီးငါးရက်အကြာတွင် အပစ်အခတ်ရပ်စဲခဲ့ခြင်းဖြစ်သည်။ **Ref: AGC**

# ဂါဇာငြိမ်းချမ်းရေးသဘောတူညီချက် ပထမအဆင့်ကို ကမ္ဘာ့ခေါင်းဆောင်များပါဝင်လက်မှတ်ထိုး




ရှမ်အယ်ရှိတ်၊ ငြိမ်းချမ်းရေး

ဂါဇာအရေးထိပ်သီးညီလာခံကို အောက်တိုဘာလ ၁၃ ရက်တွင် အီဂျစ်နိုင်ငံရှိ ရှမ်အယ်ရှိတ်မြို့၌ကျင်းပပြီး တက်ရောက်လာသည့်ကမ္ဘာ့ခေါင်းဆောင်များက ဂါဇာငြိမ်းချမ်းရေးသဘောတူစာချုပ် ပထမအဆင့်ကိုလက်မှတ်ရေးထိုးလိုက်ကြောင်း သိရသည်။

ထိုထိပ်သီးညီလာခံကို အီဂျစ်သမ္မတ အယ်စီစီနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်တို့က သဘာပတိအဖြစ်ဦးဆောင်ကျင်းပခြင်းဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၂၀ ကျော်မှခေါင်းဆောင်များသာမက ဒေသတွင်းနှင့်နိုင်ငံတကာအဖွဲ့အစည်းအကြီးအကဲများတက်ရောက်သည်။

အဆိုပါစာချုပ်တွင်ပါဝင်လက်မှတ်ထိုးသည့်သူများအနေဖြင့် ဒေသတွင်း၌ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် မျှဝေသောချမ်းသာကြွယ်ဝရေးဆိုသည့် မျှော်မှန်းချက်အတိုင်းဆက်လက်လိုက်ပါဆောင်ရွက်သွားရန် ကတိပြုထားသည်။

ဂါဇာပဋိပက္ခသည် လူသားတို့၏သမိုင်းကြောင်းတွင် အလွန်နာကျင်ဖွယ်ကောင်းလှသော စာမျက်နှာတစ်ခုဖြစ်ကြောင်း၊ ထိုစာမျက်နှာကို ယခုအခါပိတ်သိမ်းလိုက်နိုင်ပြီဖြစ်ကြောင်းနှင့် အစ္စရေး-ပါလက်စတိုင်းအရေးနှင့်ပတ်သက်၍ နှစ်နိုင်ငံတည်ရှိမှုအဖြေအတွက် မူဘောင်တစ်ခုကိုချမှတ်လိုက်နိုင်ကြောင်း အီဂျစ်သမ္မတကပြောသည်။ ထို့ပြင် ယခုအချိန်အခါသည် အရှေ့အလယ်ပိုင်းဒေသအတွက် နေ့ထူးနေ့မြတ်ကြီးတစ်ခုဖြစ်ကြောင်း ထရမ့်ကပြောထားသည်ဟုသိရသည်။ **Ref: AGC**

# ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့ထိပ်တန်း စီးပွားရေးအင်အားကြီး နိုင်ငံ ၃၀ စာရင်းဝင်ရန် ဗီယက်နမ်မျှော်မှန်း

ဟန္နိုင်း၊ ပြည်တွင်းရေး

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံ ၃၀ စာရင်းတွင်ပါဝင်လာနိုင်စေရေးအတွက် မျှော်မှန်းထားကြောင်းနှင့် ထိုမျှော်မှန်းချက်နှင့်အတူ ရှိရမည့်ဂျီဒီပီပမာဏကိုလည်း သတ်မှတ်ထားပြီဖြစ်ကြောင်းသိရသည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံသည် အရှေ့တောင်အာရှဒေသရှိနိုင်ငံများတွင် တတိယမြောက်စီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်ရောက်ရှိစေရန်လည်း မျှော်မှန်းထားသည်ဟု ဗီယက်နမ်ဝန်ကြီးချုပ်ကပြောသည်။

ထို့ကြောင့် ၂၀၂၆-၂၀၃၀ ကာလအတွင်း နိုင်ငံ၏ဂျီဒီပီကို နှစ်စဉ် ၁၀ ရာခိုင်နှုန်းနှင့်အထက်ရောက်ရှိရန် ရည်မှန်းထားကြောင်းနှင့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ပြည်သူတစ်ဦးချင်း၏အသားတင်ဝင်ငွေပမာဏသည် အမေရိကန်ဒေါ်လာ ၈၅၀၀ အထိရောက်ရှိမည်ဟုမျှော်လင့်ကြောင်း ဝန်ကြီးချုပ်ကပြောသည်ဟုသိရသည်။

**Ref: Xinhua**

# ဂူဂဲက အိန္ဒိယနိုင်ငံ၌ ဒေါ်လာ ၁၅ ဘီလီယံ ရင်းနှီးမြှုပ်နှံပြီး AI စင်တာကြီးကို တည်ဆောက်မည်

နယူးဒေလီ၊ ရင်းနှီးမြှုပ်နှံမှု

နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ဂူဂဲကုမ္ပဏီက လာမည့်ငါးနှစ်တာကာလအတွင်း အိန္ဒိယနိုင်ငံ၌ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံရင်းနှီးမြှုပ်နှံ၍ AI စင်တာကြီးကိုတည်ဆောက်သွားမည်ဖြစ်ဟု အောက်တိုဘာလ ၁၄ ရက်တွင်ထုတ်ပြန်ထားသည်။

အဆိုပါ AI စင်တာကြီးသည် အမေရိကန်နိုင်ငံပြင်ပတွင်တည်ဆောက်သည့် အကြီးဆုံးသောစင်တာကြီးတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ထိုစင်တာတွင် ဒေတာစင်တာနှင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာအခြေစိုက်စင်တာကြီးတစ်ခုပါဝင်မည်ဖြစ်ကြောင်း ဂူဂဲမှ ကလောက်ဌာနဆိုင်ရာစီအီးအိုသောမတ်ကူရီယန်ကပြောသည်။

အိန္ဒိယနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများတွင်သာမက လူပုဂ္ဂိုလ်တစ်ဦးချင်းကပါ AI ကိုလိုအပ်လာနေပြီး ယခုနှစ်ကုန်တွင် အင်တာနက်အသုံးပြုသူသန်း ၉၀၀ အထိရှိလာမည်ဟုခန့်မှန်းထားသည်။ **Ref: BP**

# ဘယ်ဂျီယံ၌ အလုပ်သမားများသပိတ်မှောက်မှုကြောင့် လေကြောင်းခရီးစဉ်များရပ်ဆိုင်းလိုက်ရ




ဘရပ်ဆဲ၊ ပြည်တွင်းရေး

ဘယ်ဂျီယံနိုင်ငံ၌ အစိုးရ၏စုငွေအစီအစဉ်အပေါ် အလုပ်သမားများကသပိတ်မှောက်ခြင်းကြောင့် အောက်တိုဘာလ ၁၄ ရက်တွင် လေကြောင်းခရီးစဉ်များအားလုံး ရပ်ဆိုင်းလိုက်ရသည့်အပြင် အရပ်ဘက်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်း ဆိုင်းငံ့လိုက်ရကြောင်းသိရသည်။

သပိတ်မှောက်ဆန္ဒပြမှုများ၌ အလုပ်သမားထောင်ပေါင်းများစွာပါဝင်လာသောကြောင့် ဘယ်ဂျီယံနိုင်ငံ၏အကြီးဆုံးလေဆိပ်ဖြစ်သည့် ဘရပ်ဆဲလေဆိပ်တွင် လုံခြုံရေးဝန်ထမ်းများအလုပ်မလုပ်တော့သောကြောင့် ထွက်ခွာခရီးစဉ်များအားလုံးကိုဖျက်သိမ်းလိုက်ရခြင်းဖြစ်သည်။ ထို့အတူ လေကြောင်းလိုင်းအချို့ကလည်း ဝန်ထမ်းများအလုပ်မဆင်းသောကြောင့် ခရီးစဉ်များကိုပြေးဆွဲနိုင်ခြင်းမရှိကြောင်း ထုတ်ပြန်လာသည်။

ဘယ်ဂျီယံအစိုးရသည် အလုပ်သမားများအတွက် ပိုမိုအဆင်ပြေစေသည့်နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်သွားမည်ဟုပြောထားသော်လည်း ယခုအခါ NATO တပ်ဖွဲ့အတွက်ထည့်ဝင်ရမည့်ကာကွယ်ရေးအသုံးစရိတ်ကိုတိုးမြှင့်လာရသောကြောင့် အလုပ်သမားများ၏စုငွေများမှ ယူရို ၁၀ ဘီလီယံအထိထုတ်ယူသုံးစွဲရန်ပြင်ဆင်လာနေခြင်းကြောင့် အလုပ်သမားများက သပိတ်မှောက်ခြင်းဖြစ်သည်ဟုသိရသည်။ **Ref: ST**

# မက္ကဆီကိုရှိမြို့များတွင် ရေကြီးမှုများဆက်ဖြစ်ပွား သေဆုံးသူနှင့်ပျောက်ဆုံးသူ ၁၃၀ နီးပါးရှိလာ

မက္ကဆီကိုစီးတီး၊ သဘာဝဘေး

မက္ကဆီကိုနိုင်ငံ၌ပြီးခဲ့သည့်သီတင်းပတ်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပွားသည့်အတွက် သေဆုံးသူနှင့်ပျောက်ဆုံးသူစုစုပေါင်း ၁၃၀ နီးပါးရှိလာပြီဖြစ်ကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၁၃ ရက်တွင်ထုတ်ပြန်ထားသည်။

အပူပိုင်းလေဖိအားနည်းရပ်ဝန်းတစ်ခုကြောင့်ဖြစ်ပေါ်လာသည့် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မြေပြိုမှုများ၊ ရေကြီးမှုများဖြစ်ပွားရာ သေဆုံးသူအနည်းဆုံး ၆၄ ဦးနှင့် ပျောက်ဆုံးသူ ၆၅ ဦးရှိကြောင်း အစိုးရအဖွဲ့ကထုတ်ပြန်ထားသည်။

မက္ကဆီကိုနိုင်ငံ၌ ပြီးခဲ့သည့်လများကတည်းက မိုးသည်းထန်စွာရွာသွန်းနေစဉ် အပူပိုင်းလေဖိအားနည်းရပ်ဝန်းကြောင့် ယခုကဲ့သို့သဘာဝဘေးများဖြစ်ပွားခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် ပစိဖိတ်ကမ်းရိုးတန်းဒေသ၌ အပူပိုင်းမုန်တိုင်းများနှင့် ဟာရီကိန်းမုန်တိုင်းများဖြစ်ပေါ်လာနိုင်သည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည်။

ယခုဖြစ်ပွားသည့် သဘာဝဘေးများကြောင့် အိမ်ခြေ ၁ သိန်းကျော်ဒုက္ခရောက်ရကြောင်း၊ သဘာဝဘေးကိုအဆိုးဆုံးခံစားရသည့်ဒေသများမှာ ဟိုင်ဒယ်ဂိုနှင့်ဗီရာခရုပြည်နယ်တို့ဖြစ်ကြောင်း၊ ယင်းဒေသများတွင် သေဆုံးသူ ၃၉ ဦးအထိရှိကြောင်းသိရသည်။ **Ref: ST**



# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရှမ်းပြည်နယ်နှင့်ဧရာဝတီတိုင်းဒေသကြီး ဇုန်နှစ်ဇုန်ရှိ သက်ဆိုင်ရာအားကစားကွင်းများ၌ ဆက်လက်ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက် ၈ နာရီမှစတင်၍ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တနင်္သာရီတိုင်းဒေသကြီးအသင်းက ၂ ဂိုး ၁ ဂိုး ဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရှမ်းပြည်နယ်အသင်းက ၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့သည်။



အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် (အမျိုးသမီး) ဘောလုံးပြိုင်ပွဲအဖြစ် အောက်တိုဘာလ ၁၈ ရက်အထိ အုပ်စုပတ်လည်ပြိုင်ပွဲပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး အောက်တိုဘာလ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင်ကျင်းပမည့် ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲစဉ်နှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အောက်တိုဘာလ ၁၅ ရက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ညနေ ၃ နာရီမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့်ကချင်ပြည်နယ်အသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင်ကရင်ပြည်နယ်အသင်းနှင့်ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင်ပဲခူးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ် ဖမ်းဆီးရမိ




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် အောက်တိုဘာ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၂ ရက်**တွင် မြဝတီမြို့၊ ၅ ရပ်ကွက်၊ သောင်ရင်းမြစ်ကမ်းဘေးအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၂၄၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၉ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၁၆၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၀ ရက်နှင့် ၁၁ ရက်**တို့တွင် ပြည်ခရိုင်နှင့် တောင်ငူခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (၃ ဒသမ ၈၀၀)တန်၊ သစ်မာ(၁ ဒသမ ၆၁၆)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၁၅၅၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂ ရက်**တွင် ကျောက်ဆည်မြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၄၁၈)တန်၊ သစ်မာ (၁ ဒသမ ၇၆၄)တန်၊ အခြားသစ်(၂၀ ဒသမ ၀၂၈)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၄၁၈၆၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၀ ရက်**တွင် မုဒုံမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၈ ရက်**တွင် မုတ္တမဆိပ်ကမ်း၌ ကော့သောင်းမြို့မှရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ် (၁)စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၉၈၅၀၀၀) ကိုလည်းကောင်း၊ **အောက်တိုဘာလ ၉ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၄၇၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Dump Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၄၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **အောက်တိုဘာလ ၂ ရက်၊ ၈ ရက်၊ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၁၀၃၄၁၂)**ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

မြဝတီ

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၄

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Shwe Thet” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ အမှတ် (၄၆)ရပ်ကွက်နေ သက်ကိုကို(ခ)သမီးဆိုး (၄၅)နှစ်အား ည ၈ နာရီတွင် ပြင်ဦးလွင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ကြီးအား ရန်ကုန်မြို့ ဓမ္မစကြာကျောင်းတိုက်ဆရာတော် သိမ်တောင်တိုက်သစ်ကျောင်း ဓာတ်တော်ပြတိုက်ဆရာတော်များနှင့် မလေးရှားနိုင်ငံမှ အလှူရှင်များက ဓာတ်တော်စေတီတော်များပေးအပ်လှူဒါန်း



တောင်ကြီး အောက်တိုဘာ ၁၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား ဦးထိပ်ထား၍ ရန်ကုန်မြို့ ဓမ္မစကြာကျောင်းတိုက်ဆရာတော် သိမ်တောင်တိုက်သစ်ကျောင်း ဓာတ်တော်ပြတိုက်ဆရာတော်များနှင့် မလေးရှားနိုင်ငံမှ အလှူရှင် Dr.Teo Choo Guan (Chairman Of WAKI International Group) Malaysia က ဓာတ်တော်စေတီများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဧည့်ပရိသတ်များက မဏ္ဍလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မဟာသုနန္ဒရာရာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက လက်ပန်တောင်းဆရာတော် ဘဒ္ဒန္တအာဝုဓထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူသည်။

ဆက်လက်၍ မလေးရှားနိုင်ငံမှ အလှူရှင် Dr. Teo Choo Guan က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့် ပြည်နယ်ဝန်ကြီး ဦးခွန်သိန်းမောင်၊ ဦးစိုင်းလိတ်၊ ဦးမင်းမင်းလွင်၊ ဥပဒေချုပ် ဦးစိုင်းကျော်ဖနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် စေတနာမွန်ရှေ့ပဲစားသုံးဆီလုပ်ငန်းမိသားစုနှင့် အလှူရှင်များက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးထံ ဆေးနဝကမ္မအလှူတော်ငွေများ စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်သူများ နေ့စဉ်သုံးစွဲရန်လိုအပ်သည့်စက်သုံးဆီကို သင့်တင့်သော ဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် အဆင်ပြေလွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ရေး အထူးအလေးထားစီမံဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၄

ပြည်သူများနေ့စဉ်သုံးစွဲရန်လိုအပ်သည့် စက်သုံးဆီကို သင့်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် အဆင်ပြေလွယ်ကူစွာဝယ်ယူသုံးစွဲနိုင်ရေးအတွက်တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ချိတ်ဆက်ထားသော အဓိကလမ်းပိုင်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဓိကမြို့ကြီးများမှ စက်သုံးဆီအရောင်းဆိုင်များကို စက်သုံးဆီများ ကြိုတင်ဖြည့်တင်းထားသည့်အပြင် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ထပ်မံဖြည့်တင်းပေးနိုင်ရန် ဆီတင်ယာဉ်ကြီးများကို စက်သုံးဆီအပြည့်ဖြည့်တင်းပြီး ဒေသအလိုက်စီမံထားရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ပြည်သူများအတွက်လိုအပ်သည့် စက်သုံးဆီသုံးစွဲမှုကို သင့်တင့်သောဈေးနှုန်းဖြင့် လွယ်ကူအဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရန်အတွက် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီသည် ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်း၊ စက်သုံးဆီအမျိုးအစားအလိုက် သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးနှင့်အခြင်အတွယ်ပြည့်မီမှန်ကန်စေရေးတို့ကို စဉ်ဆက်မပြတ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စီမံဆောင်ရွက်လျက်ရှိသည့်အတွက်အာရှပစိဖိတ်ဒေသအတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း မြန်မာကျပ်ငွေခိုင်မာပြီး နိုင်ငံခြားငွေလဲလှယ်မှုနှုန်းကျဆင်းသဖြင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများလည်းကျဆင်းကာ အများပြည်သူနှင့် လုပ်ငန်းရှင်များအနေဖြင့် သင့်တင့်သောဈေးနှုန်းဖြင့် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် အဆင်ပြေချောမွေ့လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်လျက်ရှိသည်။

နိုင်ငံအတွင်းရှိစက်သုံးဆီလိုအပ်ချက်၏ ၉၇ ရာခိုင်နှုန်းကို ပြည်ပမှတင်သွင်းနေရသော်လည်း တင်သွင်းမှုကိုအစားထိုးလျှော့ချနိုင်ရန်အတွက် ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုမိုတိုးတက်ရာဖွေထုတ်လုပ်ခြင်း၊ လက်ရှိရေနံချက်စက်ရုံများအား အဆင့်မြှင့်မွမ်းမံပြင်ဆင်ခြင်း၊ ရေနံချက်စက်ရုံအသစ်များ ထပ်မံတည်ဆောက်ခြင်းတို့ကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လယ်ယာထွက်သီးနှံများဖြစ်သည့်ပြောင်း၊ ကြံ၊ ဆန်ကွဲစသည့်ကုန်ကြမ်းများမှ တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သော ရေမဲ့အီသနော နှင့် ပြည်တွင်းထုတ်ဓာတ်ဆီတို့အား သတ်မှတ်အချိုးအစားအတိုင်းရောစပ်ကာ ဇီဝလောင်စာဆီအဖြစ် ပြည်တွင်း၌ ကျယ်ပြန့်စွာထုတ်လုပ်သုံးစွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ထိုသို့ပြည်သူများ စက်သုံးဆီဝယ်ယူရာတွင် ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် Google Play Store ၌ MPTA FM Applicat-ion ကို လက်ကိုင်ဖုန်းများတွင် Download ပြုလုပ်ပြီး မိမိရောက်ရှိနေသည့်နေရာ၏ အနီးပတ်ဝန်းကျင်တွင်ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်းဆိုင်များ၏ဖွင့်လှစ်မှုအခြေအနေ၊ ယင်းဆိုင်များရှိ စက်သုံးဆီအမျိုးအစားနှင့်ရောင်းဈေးနှုန်းတို့ကိုကြည့်ရှု၍ နှစ်သက်ရာအရောင်းဆိုင်တွင် ရွေးချယ်ဝယ်ယူသုံးစွဲနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မြဝတီ

# ၂၀၂၇ ခုနှစ် အာရှဖလားအမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲတွင် မြန်မာအသင်း ဆီးရီးယားအသင်းကိုရှုံးနိမ့်



ရန်ကုန် အောက်တိုဘာ ၁၄

၂၀၂၇ ခုနှစ် အာရှဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်တစ်ခုဖြစ်သည့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဆီးရီးယားလက်ရွေးစင်ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏကွင်း၌ကျင်းပရာ မြန်မာအသင်းသည် ဆီးရီးယားအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် ဆီးရီးယားအသင်းနှင့် ပထမအကျော့အဖြစ် ဆော်ဒီအာရေဗျနိုင်ငံတွင်သွားရောက်ကစားခဲ့စဉ်ကလည်း ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။ အဝေးကွင်းအတွေ့အကြုံများနှင့် အားနည်းချက်များပြုပြင်ကာ အိမ်ကွင်းကိုယ့်ပရိသတ်ရှေ့တွင် နိုင်ပွဲတစ်ပွဲရရှိရေး ယနေ့ပွဲစဉ်၌ ကစားသမားအပြောင်းအလဲများပြုလုပ်၍ ပွဲထွက်လာခဲ့သည်။

ပထမပိုင်း ပွဲကစားချိန်တွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ရင်း ပထမပိုင်းပွဲကစားချိန်ပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပွဲကစားချိန် ၇၉ မိနစ်တွင် PABLO က ဆီးရီးယားအသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူနိုင်ခဲ့ပြီး ပွဲကစားချိန် ၈၅ မိနစ်တွင် PABLO ကပင် ဒုတိယဦးဆောင်ဂိုးသွင်းယူပေးခဲ့ကာ ၈၇ မိနစ်တွင် ALSALKHADI က တတိယဂိုးကို သွင်းယူခဲ့ကြသည်။ လက်ကျန်အချိန်များအား မြန်မာအသင်းချေပဂိုးရရှိရေး ကြိုးစားကစားခဲ့သော်လည်း ၃ ဂိုး ဂိုးမရှိရလဒ်ဖြင့်ပင် ပွဲကပြီးဆုံးသွားခဲ့သည်။

ဆီးရီးယားအသင်းသည် လေးပွဲကစားလေးပွဲနိုင် ရမှတ် ၁၂ မှတ် အုပ်စုပထမဖြင့် အုပ်စုတက်သွားပြီဖြစ်ပြီး မြန်မာအသင်းသည် လက်ကျန်ပွဲစဉ်များဖြစ်သည့် ပါကစ္စတန်အသင်း၊ အာဖဂန်နစ္စတန်အသင်းတို့နှင့်အဝေးကွင်းပွဲစဉ်အဖြစ်ယှဉ်ပြိုင်ရမည်ဖြစ်ကာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့်လည်းကောင်း၊ ၂၀၂၆ ခုနှစ် မတ်လ ၃၁ ရက်တွင် ပါကစ္စတန်အသင်းနှင့်လည်းကောင်း ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဝန်းရံခ

# လှိုင်ကော်တက္ကသိုလ် ဖွင့်လှစ်သင်ကြားနေမှု ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၄

လှိုင်ကော်တက္ကသိုလ်ကို အောက်တိုဘာလ ၁၃ ရက်တွင်စတင်၍ ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယင်းနေ့နံနက်ပိုင်းက လှိုင်ကော်တက္ကသိုလ်အဝေးသင်ဒုတိယအသုတ် အနီးကပ်သင်တန်းများဖွင့်လှစ်၍ အေးချမ်းစွာပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပထမနှစ်မှ စတုတ္ထနှစ်အထိ ဖွင့်လှစ်လျက်ရှိသည့် အနီးကပ်သင်တန်းများသို့ တက်ရောက်ပညာသင်ယူလျက်ရှိကြသော အဝေးသင်ကျောင်းသား၊ ကျောင်းသူများကိုပင်မဆောင်ရှိ စာသင်ခန်းအသီးသီးတွင် ဝင်ရောက်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ယင်းနောက် ဘက်စုံသုံးခန်းမနှင့် ဘာသာရပ်ဌာန ရုံးခန်းများကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ လှိုင်ကော်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ ပြည်ထောင်စုဝန်ကြီး၏ ချီးမြှင့်ငွေများကို ခေတ္တပါမောက္ခချုပ်အားပေးအပ်သည်။

ထို့နောက် လှိုင်ကော်မြို့ အမှတ်(၁) နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီး၏ချီးမြှင့်ငွေများကိုကျောင်းအုပ်ကြီးများအားပေးအပ်ကာ လှိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများကို တွေ့ဆုံအားပေးစကားပြောကြား၍ ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်းသိရသည်။

မြဝတီ

## မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၄

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေပြည်တော်နှင့်ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၄

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းကျင်းပသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာထွန်းထွန်းဦးနှင့်တာဝန်ရှိသူများ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဂတိလိုက်စားမှုများမှာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်စေသကဲ့သို့ လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားနှင့် အကျင့်စာရိတ္တများပျက်စီးပြီး တရားမျှတသည့် ယှဉ်ပြိုင်လိုစိတ်၊ ကိုယ်ရည်ကိုယ်သွေးများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် အဂတိကင်းရှင်းသော လူမှုအသိုက်အဝန်းကို တည်ဆောက်ကြစေလိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ အကျိုးစီးပွားတိုးတက်ဖွံ့ဖြိုးအောင်ဆောင်ရွက်နိုင်သည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင်ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က “အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ”နှင့်စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးသိန်းထိုက်ဝင်းက “အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်နိုင်ငံ့ဝန်ထမ်းများ၏အခန်းကဏ္ဍ” ခေါင်းစဉ်ဖြင့်လည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး အစည်းအဝေးတက်ရောက်လာကြသော ဝန်ထမ်းများ၏ သိရှိလိုသည်များ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ ထွန်းထွန်းဦး ခေါင်းဆောင်ပြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှအဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU) မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြဝတီ**

# မုံရွာမြို့၌ သမိုင်းဝင် ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ

မုံရွာ အောက်တိုဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ သမိုင်းဝင်ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းသပိတ် ၁၀၀၀ လောင်းလှူပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီးရှိ ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့များ၊ အလှူရှင်များတက်ရောက်ကြသည်။

ဦးစွာ မုံရွာမြို့ ဘုရားရပ်ကွက်ရှိ သာစံကျောင်းတိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တတေဇဝန္တထံမှ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပင့်သံဃာဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆေးများနှင့်ဆွမ်းသပိတ်များ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်နေပြည်သူများက မုံရွာမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်များမှ ဆရာတော်/ သံဃာတော် အပါး ၁၀၀၀ အား ဆွမ်းသပိတ်များ၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် သစ်သီးများ ဆက်ကပ်လောင်းလှူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မုံရွာမြို့ သမိုင်းဝင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နေမှုကို သွားရောက်ကြည့်ရှုဖူးမြော်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် ၁၃၈၇ ခုနှစ် တန်ဆောင်တိုင်ပွဲတော်ကျင်းပမည့် မုံရွာမြို့ အရှေ့ဘက်ကန်သာယာကန်ရှိ မြို့ရာပြည့်စေတီတော်ကြီးသို့ရောက်ရှိပြီး ဘုရားဖူးလာရောက်ကြမည့် မုံရွာမြို့နှင့်အနီးဝန်းကျင်ရှိ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ စေတီတော်ကြီးအားဖူးမြော်နိုင်ရေးအတွက် စေတီတော်ကြီးပတ်ဝန်းကျင် အမြဲသန့်ရှင်း သပ်ရပ်မှုရှိစေရေးနှင့် ကန်သာယာကန်အတွင်း အမှိုက်များ စွန့်ပစ်မှုမရှိစေရေးတို့ကိုမှာကြားကာ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေးသန္တာ**


**ပျောက်ဆုံးကြောင်း**
ညီမိကို(ဘ)ချစ်ဆန်းကို(ခ)စန်းကို ၅/မကန(နိုင်)၁၀၄၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဇော်မိုးအောင်(ဘ)ဦးဌေးမောင် ၅/အရတ(နိုင်)၁၃၁၁၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၄၆၃၂၈၉

**ပျောက်ဆုံးကြောင်း**
ခိုင်ထွန်းလင်း(ဘ)ဦးကျော်မောင် ၇/ဖမန(နိုင်)၁၃၇၉၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၃၁၈၁၂၁

**ပျောက်ဆုံးကြောင်း**
လမင်းအောင်(ဘ)ဦးမင်းသိမ်း ၁၂/တမန(နိုင်)၁၄၈၉၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၁၀၉၃၉၀၁

**ပျောက်ဆုံးကြောင်း**
ကျော်စိုးမြတ်(ဘ)ဦးစိုးဝင်း ၁၂/မဂဒ(နိုင်)၁၀၁၆၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၄၇၄၇၃၁

**ပျောက်ဆုံးကြောင်း**
ခင်ခင်ဝင်း(ဘ)ဦးဂူရာများ ၁၂/သဃက(နိုင်)၂၀၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၅၀၅၂၅၄

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်နေ မောင်အောင်မျိုးမင်း(ဘ)ဦးခင်မောင်ရီ ၈/ပဖန(နိုင်)၁၄၅၈၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 751418)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၅၆၃၄၃၉

**ပျောက်ဆုံးကြောင်း**
ကျော်သူထက်(ဘ)ဦးမြသိန်း ၁၂/ပဘတ(နိုင်)၀၃၃၅၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 863044)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ချိုပြုံး(ဘ)ဦးမြင့်တင် ၇/သဝတ(နိုင်)၁၂၃၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 171542)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၀၂၅၁၇၁၅

**ပျောက်ဆုံးကြောင်း**
ဖြူဖြူဖြိုး(ဘ)ဦးအေးလူ ၁၃/ဖခန(နိုင်)၀၈၂၂၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ထက်လင်းဦး(ဘ)ဦးစိုးလေး ၁၄/လမန(နိုင်)၁၀၂၅၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၅၈၇၄၇၀၉

**ပျောက်ဆုံးကြောင်း**
ရဲထွဋ်(ဘ)ဦးအစ္စမိုလ်(ခ)ဘာဘူ ၁၂/တမန(နိုင်)၁၀၀၅၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၁၀၀၄၀၀

**ပျောက်ဆုံးကြောင်း**
ဝင်းအေး(ဘ)ဦးသန်းအောင် ၁၄/ပသန(နိုင်)၀၁၁၁၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၃၆၀၇၁၇၉

**ပျောက်ဆုံးကြောင်း**
မအေးမြနိုင်(ခ)ကျင်ခမ်းလွန်(ဘ)ဦးလျန်ခမ်းခိုင် ၁၂/လမန(နိုင်)၁၂၄၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 306475)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၀၈၆၅၄၁၇

**ပျောက်ဆုံးကြောင်း**
မစန်းမြင့်(ဘ)ဦးငွေ ၃/ဘအန(နိုင်)၁၈၀၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 374565)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဇော်ခိုင်(ဘ)ဦးစံကြည် ၈/နမန(နိုင်)၁၉၆၂၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မာလ်ဆောမ်တလွန်း(ဘ)ဦးဆပဟရဲထန်း ၄/ဖလန(နိုင်)၀၄၉၂၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 463538)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နေလင်းသူရ(ဘ)ဦးအောင်သူရ ၇/ပခန(နိုင်)၄၃၄၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
သဇင်မျိုးထွေး(ဘ)ဦးနိုးတူး ၁၂/လသယ(နိုင်)၀၅၈၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၀၂၆၉၈၈၃

**ပျောက်ဆုံးကြောင်း**
မြတ်မြတ်နှင်း(ဘ)ဦးအောင်ဝင်းကြီး ၈/ဂဂန(နိုင်)၀၉၂၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၄၀၁၄၂၅၂

**ပျောက်ဆုံးကြောင်း**
စန်းစန်းဌေး(ဘ)ဦးကာစီ ၁၀/ပမန(နိုင်)၁၃၆၁၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၂၈၅၄၄၂၃

**ပျောက်ဆုံးကြောင်း**
နေခြည်ကိုကို(ဘ)ဦးတင်အောင် ၆/ကသန(နိုင်)၁၀၅၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 742892)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဦးရဲနိုင်ဦး(ဘ)ဦးသောင်းကြည် ၈/နမန(နိုင်)၁၇၇၂၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
မောင်ပေါ်ဦး(ဘ)ဦးမျိုးမြင့် ၉/ရမသ(နိုင်)၂၅၇၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၈၄၇၆၆၀

**ပျောက်ဆုံးကြောင်း**
မျိုးဇော်(ဘ)ဦးမောင်ရွှေ ၁၂/ခရန(နိုင်)၀၀၁၁၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 198616)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တင်မောင်လင်း(ဘ)ဦးတင်မြင့် ၉/မနမ(နိုင်)၁၀၉၆၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
လှိုင်မွန်ဖြိုး(ဘ)ဦးအောင်ကြည် ၇/သကန(နိုင်)၁၀၁၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၈၀၀၉၉၂၈၀

**ပျောက်ဆုံးကြောင်း**
မောင်ထူးနိုင်(ဘ)ဦးသန်းနိုင်မြင့် ၁၀/မလမ(နိုင်)၂၅၄၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၀၅၁၂၉၇

**ပျောက်ဆုံးကြောင်း**
အိအိမွန်(ဘ)ဦးမြင့်လွင် ၇/ကဝန(နိုင်)၁၃၉၇၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 847713)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဦးခင်ဇော်(ဘ)ဦးရွှေမောင်း ၉/တသန(နိုင်)၁၅၃၁၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ချမ်းမြေ့ရှိန်(ဘ)ဦးဝင်းရှိန် ၈/မထန(နိုင်)၀၇၉၇၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၁၁၁၄၇၂

**ပျောက်ဆုံးကြောင်း**
ဇော်မင်း(ဘ)မိုဟာမက်ဘာဒူး ၁၂/မဂတ(ပြု)၀၀၁၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၆၃၂၅၂၃၉

**ပျောက်ဆုံးကြောင်း**
ကျော့ကျော့စံ(ဘ)ဦးအောင်မြင့်သန်း ၇/ဖမန(နိုင်)၂၃၆၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ဖခင်အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်**
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဲကြီးအုပ်စု၊ ဝဲကြီးကျေးရွာနေ ဒေါ်ဆွေဆွေငြိမ်း ၉/နထက(နိုင်)၁၁၀၃၉၄ ၏ဖခင်အမည်မှန်မှာ ဦးအောင်ဆွေ ၉/နထက(နိုင်)၀၇၂၂၈၇ ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ၁၆-၆-၁၉၈၀ ဖြစ်ပါကြောင်း။
ဦးအောင်ဆွေ၊ ၁၆-၆-၁၉၈၀

**ကျေးဇူးဆပ်ပါမည်**
ဦးမျိုးမြင့် ၁၂/မဂတ(နိုင်)၀၃၁၉၅၃ ဝယ်ယူပိုင်ဆိုင်ထားသော အမှတ်-၂၁၅၊ တေးနယဉ်လမ်း၊ ၂၆-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၏ အခွန်ဆောင်ထားသော စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၂၇၃၁၀၆၃

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ သနပ္ပင်မြို့နယ်၊ ဘုရားကြီးပိုင်းရပ်ကွက်နေ မောင်ကောင်းခန့်ကျော်(ဘ)ဦးကျော်အောင် ၇/သနပ(နိုင်)၁၅၆၄၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၈၁၃၇၆၂၁၃

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ သဲကုန်းရွာ၊ ကညင်ဆိုင်ကျေးရွာအုပ်စု၊ ကျုံပျော်မြို့နေ စဝေယံစိုး(ဘ)ဦးကံဝင်း ၁၄/ကပန(နိုင်)၃၁၁၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၄၆၉၆၅၄

**ပျောက်ဆုံးကြောင်း**
ကျော်မျိုးထွန်း(ဘ)ဦးညွန့်လွင် ၅/မရန(နိုင်)၂၇၁၆၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇


**စာပေမြင့်မှ လူမျိုးတင့်မည်**

Quality For You VEGA

# ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ

VEGA Quality For You

အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ

သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့



ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁

# အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်

အင်ငါးခွ INNGAGWA



White Sugar

EXPORT QUALITY

09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/အလ

တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြိုင်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား

စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။




ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၂ ၃၂၇

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀

အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀




# ကုန်ဆုံးသွားသော စွမ်းအားများ

# DAGON Malta Fresh

# နဲ့ ဖြည့်စွမ်းထား ...

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

# မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် ယူနန်ပြည်နယ် ပရဟိတအဖွဲ့ Yunnan Overseas Chinese Charity Foundation တို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး



ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း(MACA)နှင့် ယူနန်ပြည်နယ်ပရဟိတအဖွဲ့ဖြစ်သော Yunnan Overseas Chinese Charity Foundation (YOCCF)တို့ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းနှင့် ဂုဏ်ပြုလွှာပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် မိုးကောင်းလမ်းရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပသည်။

အခမ်းအနားတွင် MACA ဥက္ကဋ္ဌ ဒေါ်အေးသဉ္ဇာသူနှင့် YOCCF ဥက္ကဋ္ဌ Mr. XIA Yong၊ Peking University Cancer Hospital Yunnan Hospital ဥက္ကဋ္ဌ Mr. QIN Jiyong တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ထို့နောက်မြန်မာအနုပညာနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌနှင့် Yunnan Overseas Chinese Charity Foundation(YOCCF) ဥက္ကဋ္ဌတို့ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး မြန်မာအနုပညာနှင့်ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်း ဂုဏ်ထူးဆောင်နာယက ဒါရိုက်တာ ပန်းချီစိုးမိုး၊ ဥက္ကဋ္ဌ ဒေါ်အေးသဉ္ဇာသူတို့က တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

အဆိုပါ Yunnan Overseas Chinese Charity Foundation သည် အောက်တိုဘာလ ၉ ရက်မှ ၁၄ ရက်အထိ ရန်ကုန်မြို့ သဃ်န်းကျွန်းစံပြဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲကလေးငယ်များကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။

မြန်မာအနုပညာနှင့် ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် နှစ်နိုင်ငံယဉ်ကျေးမှုများ ပိုမိုဖလှယ်နိုင်စေရေးအတွက် မြန်မာနိုင်ငံရှိ ယဉ်ကျေးမှုပွဲတော်များနှင့် ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှုပွဲတော်များတွင် အပြန်အလှန်ဖိတ်ကြား၍ အတူတကွ ပါဝင်ဆင်နွှဲနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အနုပညာနှင့် သက်ဆိုင်သောကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှုနှင့် အနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များအားတွေ့ဆုံစေ၍ အပြန်အလှန် ယဉ်ကျေးမှုများဖလှယ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာနှင့်သက်ဆိုင်သော ကဏ္ဍအသီးသီးမှ ပညာရှင်များနှင့် ယူနန်ပြည်နယ်ရှိ ယဉ်ကျေးမှုအနုပညာကဏ္ဍအသီးသီးမှ ပညာရှင်များကို တွေ့ဆုံစေ၍ အပြန်အလှန် ယဉ်ကျေးမှုများဖလှယ်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ပူးပေါင်းဆောင်ရွက်ရန် လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်းသိရသည်။ **မြဝတီ**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ Napalkov Cancer Centre မှ Professor Dr. Moiseyenko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်



နေပြည်တော် အောက်တိုဘာ ၁၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ Napalkov Cancer Centre မှ ကင်ဆာရောဂါအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဗလာဒီမာမိုရီဆေးယန်ကိုနှင့်အဖွဲ့သည် ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်လင်းအေးနှင့် သက်ဆိုင်ရာဘာသာရပ်အသီးသီးမှ ပါမောက္ခများနှင့် အထူးကုဆရာဝန်ကြီးများက ကြိုဆိုကြသည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် ဇွန်လတွင် စိန့်ပီတာစဘတ်မြို့ Napalkov Cancer Centre ၌ မျက်လုံးကြွက်သားကင်ဆာကို ခွဲစိတ်ကုသမှုခံယူခဲ့သော ပုသိမ်မြို့နေ ၂၂ နှစ်အရွယ် အမျိုးသားလူနာအား တွေ့ဆုံခဲ့ပြီး ရောဂါတိုးတက်မှု အခြေအနေများအား ကြည့်ရှုရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခအထူးကုဆရာဝန်ကြီးက ပြန်လှန်ရှင်းလင်းဆွေးနွေးပြီး အဆိုပါလူနာမှာ ကျန်းမာရေးကောင်းမွန်တိုးတက်လျက်ရှိသည်။ ထို့နောက် အထွေထွေခွဲစိတ်ကုဌာန၊ ကင်ဆာဆေးကုဌာနနှင့် ဓာတ်ရောင်ခြည်ကုဌာနများမှ ကင်ဆာရောဂါခံစားနေရသော သံဃာတော်တစ်ပါးအပါအဝင် လူနာခုနစ်ဦးကို ကြည့်ရှုစစ်ဆေး၍ လူနာများအတွက် ပိုမိုသင့်လျော်ကောင်းမွန်သည့်ကုထုံးများကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခအထူးကုဆရာဝန်ကြီးဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

ဆက်လက်၍ ခုနစ်ထပ်ဆောင်သစ် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးက ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ လူနာများအား ကုသပေးနေမှုအခြေအနေ၊ ပါမောက္ခ/ဌာနမှူး(ကင်ဆာဆေးကု) ဒေါက်တာဖြူဖြူသိမ့်က ကင်ဆာဝေဒနာရှင်များအား ဆေးကုသပေးနေမှုအခြေအနေ၊ ပါမောက္ခ/ဌာနမှူး(ဓာတ်ရောင်ခြည်) ဒေါက်တာမိုးလှိုင်က ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ အမျိုးသားကင်ဆာကုဌာနအပါအဝင် ရောင်ခြည်ဖြင့် ကုသပေးနေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဆေးပညာနှီးနှောဖလှယ်ပွဲကိုဆက်လက်ကျင်းပရာ Professor Dr. Moiseyenko က "Why We Cannot Cure Cancer: The Role of Chemotherapy and Immunotherapy in Solid Tumors" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Dr. Tatiana Sharabura က "Stereotactic Body Radiotherapy" ခေါင်းစဉ်ကို Video Conferencing ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာခင်အောင်ထွန်း၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် ပါမောက္ခ (ဌာနကြီးမှူး) ပါမောက္ခ ဒေါက်တာမင်းဇော်ဦးနှင့် တက်ရောက်လာသူများက ပြန်လှန်ရှင်းလင်းဆွေးနွေးကြသည်။ အဆိုပါဆွေးနွေးပွဲသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) မင်္ဂလာဒုံ၊ ခုတင် ၅၀၀ အထူးကုဆေးရုံကြီးနှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီးများမှ ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီး/ဆရာဝန်ငယ်များ၊ လက်ထောက်အထူးကုများနှင့် ဘွဲ့လွန်ကျောင်းသား စုစုပေါင်း ၁၂၀ ဦးတက်ရောက်၍ နှစ်နိုင်ငံကြား ကင်ဆာရောဂါဆိုင်ရာ ဆေးပညာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်းသိရသည်။ **မြဝတီ**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကဏန်းပျော့ပိဿာ ၈၂၀၀၀ ကျော် တင်ပို့ရောင်းချ



လပွတ္တာ အောက်တိုဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကဏန်းပျော့ ပိဿာ ၈၂၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စုခိုင်၏ပြောပြချက်အရ သိရသည်။

လပွတ္တာမြို့နယ်မှ ဒေသထွက် ကဏန်းပျော့များကို ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိပြီး ဩဂုတ်လအတွင်းက သန့်စင်ပြီးကဏန်းပျော့ပိဿာ ၅၅၀၀၀ ကျော်သာ တင်ပို့ရောင်းချနိုင်ခဲ့ကာ စက်တင်ဘာလ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း သန့်စင်ပြီးကဏန်းပျော့ ပိဿာ ၈၂၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“လပွတ္တာမြို့နယ်ကထွက်ရှိတဲ့ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းဈေးကွက်မှာ ကဏန်းပျော့တွေ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာပါတယ်။ တင်ပို့ကုန်များလာတော့ ကဏန်းပျော့ လုပ်ငန်းလုပ်ကိုင်တဲ့သူတွေ အဆင်ပြေလာပါတယ်။ ဒါ့အပြင် ကုန်ပစ္စည်းတင်ပို့တဲ့ လုပ်ငန်းတွေနဲ့ ဆက်စပ်တဲ့သူတွေလည်း အဆင်ပြေလာတယ်။ လက်ရှိမှာ ကဏန်းပျော့တွေကို ရန်ကုန်ဈေးကွက်ကနေတစ်ဆင့် ပြည်ပနိုင်ငံတွေကို ပြန်လည်တင်ပို့လာတာကြောင့်လည်း အဝယ်လိုက်လာတာပါ။ လပွတ္တာမြို့နယ်မှာ ကဏန်းပျော့ မွေးမြူရေးလုပ်ငန်းကို အခုလိုရာသီမှာ အများဆုံးလုပ်ကိုင်ကြပါတယ”ဟု ဒေါ်စုခိုင်ကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ကဏန်းပျော့များ တင်ပို့အားကောင်းလာခြင်းကြောင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ မွေးမြူရေးလုပ်သားများ၊ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများနှင့် ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal(www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှစစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)) အဖြစ်စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့်တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်းလျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal(www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၅-၁၀-၂၀၂၅ ရက်နေ့မှစ၍ ၂၄-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှတင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၇-၁၂-၂၀၂၅ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal(www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၇-၁၂-၂၀၂၅ ရက်နေ့မှ ၂၃-၁၂-၂၀၂၅ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ်အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ်ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့်ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science)နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန်ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း)) အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော် ဘက်စုံ၊ မွမ်းမံပြုပြင်ရေးအတွက် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေး နှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ''မာရဝိဇယ''ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီးဖြစ်ပါသည်။

## ၁၄-၁၀-၂၀၂၅ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | အမည် | နဝကမ္မ အလှူငွေ (ကျပ်) |
|---|---|---|
| ၁၀၅၁၁။ | ဦးခင်မောင်ဦးနှင့်ဇနီး သုဓမ္မသိင်္ဂီဒေါ်သန်းသန်းစော၊ (သမီး)ဒေါက်တာမြတ်မြတ်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၁၀၅၁၂။ | ဦးကျော်စွာလင်းမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၁၀၅၁၃။ | ကွယ်လွန်သူဒေါ်ခင်ရီအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၁၀၅၁၄။ | ကွယ်လွန်သူဦးမောင်အေးအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၅၁၅။ | ဦးလှမြင့်နှင့်ဇနီး ဒေါ်ချိုမာ၊ (သမီး)ဒေါက်တာမပြည့်ပြည့်ဖြိုး၊ ဒေါက်တာပြည်ပြည်ကျော်၊ (သား)မောင်ရဲလင်းထက်၊ ဒေါက်တာခင်မောင်ဝင်း မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၁၀၅၁၆။ | ဦးဘုန်းမြင့်နှင့်ဇနီး ဒေါ်အေးကြင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၃၀၀၀၀ |
| ၁၀၅၁၇။ | ကိုဇော်ဇော်ထိုက်နှင့်ဇနီး မဖူးပြည့်စုံ၊ (သား)မောင်အလင်္ကာဘုန်းမြတ်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၅၁၈။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်ခင်ပုမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၁၀၅၁၉။ | ဦးသိန်းလွင်နှင့်ဇနီး ဒေါ်သန်းသန်းငွေ၊ (သား)မောင်ကျော်ရှိန်းမောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၀။ | ဦးဆန်းမောင်နှင့်ဇနီး ဒေါ်ဆွေဆွေဝင်း၊ (သား)ဗိုလ်မှူးဖြိုးသန့်ဇင်ထွဋ်နှင့်ဇနီး မမေသွယ်ဦး၊ (မြေး)မဟေသာနှင်းထွဋ်၊ မောင်ဖွဲ့ဒီပါထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၁။ | မခင်ချမ်းမြေ့လွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၂။ | ဒေါ်တင်တင်ရီ၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၃။ | မောင်ဉာဏ်ထူးဆက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၄။ | ဦးမျိုးအောင်နှင့်ဇနီး ဒေါ်ခင်ရည်မွန်၊ (သမီး)မအိနန္ဒာအောင်၊ (သား)မောင်အောင်ဇေယျမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၅။ | ကိုဝေလင်းဖြိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၆။ | ဦးကိုလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၇။ | ကွယ်လွန်သူဇနီး ဒေါ်ထွေးယဉ်အားရည်စူး၍ တပ်ကြပ်ကြီးညွန့်မြင့်(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၈။ | ကွယ်လွန်သူဖခင်ကြီးဦးဘသော်အားရည်စူး၍ ဒေါ်ခင်အုန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၂၉။ | ကွယ်လွန်သူနှစ်ဖက်မိဘများအားရည်စူး၍ ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ခင်လှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၃၀။ | ဒေါ်တင်တင်မာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၃၁။ | ဦးစိုင်းဆိုင်လင်းနှင့်ဇနီး ဒေါက်တာခင်ချိုမာ၊ (သား)မောင်စိုင်းဘုန်းသန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၃၂။ | ဦးဇော်စိုင်းဝမ်းနှင့်ဇနီး ဒေါ်မွန်မွန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၁၀၅၃၃။ | ဦးသိန်းလွင်ဦးမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၁၀၅၃၄။ | ကွယ်လွန်သူမောင်ဟိန်းသူရအားရည်စူး၍ မောင်သက်ကိုကိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၃၅။ | ကွယ်လွန်သူဖခင်ဦးသန်းဦးအားရည်စူး၍ ကိုမိုးမင်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၃၆။ | ကွယ်လွန်သူဒေါ်အုန်းမြင့်အားရည်စူး၍ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၃၇။ | နှစ်ဖက်မိဘများအားအမှူးထား၍ ကိုရဲလင်းမောင်နှင့်ဇနီး မဟေမာကျော်၊ (သမီး)မအိဖူးဝေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၃၈။ | ဦးအောင်ဝင်းနှင့်ဇနီး ဒေါ်ခင်သန်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၃၉။ | ဦးမျိုးလွင်နှင့်ဇနီး ဒေါ်လှိုင်လှိုင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၀။ | ဦးမျိုးမြင့်ဦးနှင့်ဇနီး ဒေါ်လဲ့လဲ့ဦး၊ (သား)မောင်သော်ဇင်ဦး၊ မောင်အောင်ဇင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၁။ | ဦးဝေငြိမ်းနှင့်ဇနီး ဒေါ်ခင်ဇာဇာဖြူ၊ (သမီး)မအိငြိမ်းဖြူစင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၂။ | ဦးတင်ငွေနှင့်ဇနီး ဒေါ်ရင်ရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၃။ | ဦးဝင်းရွှေနှင့်ဇနီး ဒေါ်တင်တင်စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၄။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်နွယ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၅။ | ဦးကျော်သီဟအောင်နှင့်ဇနီး ဒေါ်ဆွေဆွေလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၆။ | ဦးကောင်းမြတ်ဆန်းနှင့်ဇနီး ဒေါ်သဉ္ဇာဝေကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၇။ | ဦးမင်းကြည်နှင့်ဇနီး ဒေါ်ချိုချိုမင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၈။ | ဦးသန်းရွှေနှင့်ဇနီး ဒေါ်ကြည်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၄၉။ | ကိုကျော်မင်းထွေးနှင့်ဇနီး မခိုင်ဖြိုးအေး၊ (သား)မောင်ကောင်းမင်းသန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၀။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုအောင်မျိုးဝေနှင့်ဇနီး မလဲ့လဲ့နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၁။ | ဦးကျော်မျိုးအောင်နှင့်ဇနီး ဒေါ်ဖူးသစ်နွယ်၊ (သမီး)မခြူးမြတ်ကျော်မျိုးနွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၂။ | ကိုအောင်ဖုန်းမြင့်နှင့်ဇနီး မချယ်ရီဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၃။ | ဦးထက်လင်းအောင်နှင့်ဇနီး ဒေါ်ခင်လင်းလင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၄။ | မောင်ဟိန်းထက်နှင့်ဇနီး မအင်ကြင်းစံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၅။ | ဦးအောင်ထွန်းလွင်နှင့်ဇနီး ဒေါ်ကျော့ကျော့စန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၆။ | ဦးငွေမောင်နှင့်ဇနီး ဒေါ်စန္ဒာအေးဝင်း၊ (သမီး)မဖူးပွင့်ပြည့်စုံမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၇။ | ဦးထွန်းညွန့်နှင့်ဇနီး ဒေါ်စောသန္တာ၊ (သား)မောင်ကျော်သန့်ဇင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၈။ | ကိုကျော်ဖြိုးဝေနှင့်ဇနီး မခင်မျိုးအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၅၉။ | ကိုကျော်မင်းအောင်နှင့်ဇနီး မနန်းနှင်းနှင်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၆၀။ | ဦးချစ်အောင်နှင့်ဇနီး ဒေါ်တင်တင်ခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၆၁။ | ဦးမြင့်ထွန်းနှင့်ဇနီး ဒေါ်ကြူကြူနိုင်၊ (သမီး)မအေမီမီထွန်း၊ မဇူးဇူးစံ၊ မရွှေကြူကြူထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၆၂။ | ဦးဝင်းနိုင်မြင့်နှင့်ဇနီး ဒေါ်သဇင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၆၃။ | ကိုဝင်းထက်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၁၀၅၆၄။ | ဒေါ်ကေသွယ်ချို မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးကြည်မင်းဟန်** — **၀၉-၆၇၀၇၅၇၈၄၇**

**(ခ) ဒေါ်အေးအေးကြည်** — **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


### ပျောက်ဆုံးကြောင်း

ကျောက်တံခါးမြို့နယ်၊ တောင်ခင်ကျေးရွာနေ မြင့်မြင့်သိန်း(ဘ)ဦးပါ ၇/ကတခ(နိုင်)၀၀၉၀၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ မအေးနန္ဒာကျော်(ဘ) ဦးမြမင်း ၇/ပခန(နိုင်)၄၁၇၈၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ မောင်ကောင်းပြည့်စုံ(ဘ) ဦးထွန်းနောင် ၇/ပခန(နိုင်)၄၇၉၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

### ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်နေ ဒေါ်နန်ရှန်(ဘ)ဦးဇော်တောင် ၁/မကန(နိုင်)၀၄၇၁၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၉၀၈၁၈၁

### ပျောက်ဆုံးကြောင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်နေ ဦးဇော်ဖန်းအောင်(ဘ)ဦးဇော်ဆိုင်း ၁/မကန(နိုင်)၁၅၂၂၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၇၉၀၈၁၈၁

### ပျောက်ဆုံးကြောင်း

ခန္တီးမြို့၊ ဆင်သေကျေးရွာနေ မနန်းလွန်းခမ်း(ဘ)ဦးအိုက်ပီး ၅/ခတန(နိုင်)၀၁၉၀၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 459215)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၈၈၅၂၀၆၈

❖ မြန်မာနိုင်ငံ၏ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေမှာ ၄ ဘီလီယံနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မိမိတို့နိုင်ငံမှထွက်ရှိသည့် ကုန်ပစ္စည်းများကိုတင်ပို့နိုင်သော ခိုင်မာသည့်ဈေးကွက်ရှိပြီးဖြစ် . . .

❖ မိမိတို့နိုင်ငံတွင်ရှိပြီးဖြစ်သည့် အရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရန်လိုပြီး မူလတန်ဖိုးဖြစ်သည့် အရေးပါမှုများကို အရာရောက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာ-တရုတ် နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးစွာဖြင့် အေးအတူပူအမျှ မဟာဗျူဟာမြောက်ဆက်ဆံရေးရှိသည့်အခြေအနေများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော်  အောက်တိုဘာ ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Deng Xijiun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်ဧည့်ဂေဟာ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ **စာမျက်နှာ ၆ ကော်လံ ၁**

**ဆောင်းပါး**

**၁၀ နှစ်ပြည့် NCA နှင့် ရင်တွင်းဆန္ဒမွန်**

စာ -၁၃ သို့

**ပြည်သူများ နေ့စဉ်သုံးစွဲရန်လိုအပ်သည့်စက်သုံးဆီကို သင့်တင့်သောဈေးနှုန်းဖြင့် စဉ်ဆက်မပြတ် အဆင်ပြေလွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်ရေး အထူးအလေးထားစီမံဆောင်ရွက်လျက်ရှိ**

စာ -၂၅ သို့

**ဒီပါဝလီနေ့ဖြစ်သည့်အတွက်အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်းကြေညာ**

စာ -၁၅ သို့

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး
ရန်ကုန်မြို့တွင်း
G & G Store ဆိုင်များ
ပုသိမ်သူ
Online
Easy Ticket, Go - Auto Ticket
ရန်ကုန်
နေပြည်တော်
တောင်ကြီး
မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
ပုဂံ (ညောင်ဦး) - ပခုက္ကူ
မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
တောင်ငူ - ဆွာ - ရေနီ
ပုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု